


မိတ်ဖွဲ့ကူး ချိုချိုအနုမညာ

# နုနုရည်အင်းဝ

# ထဘီလေးတစ်ထည်

နှင့်

အခြားဝတ္ထုတိုများ

mgyee.com



# နုနုရည်အင်းဝ

## ထဘီလေးတစ်ထည်

နှင့်

## အခြားဝတ္ထုတိုများ

ထဘီလေးတစ်ထည်

နမ်းမှာလားမောင်ရဲ့ မွှေးတယ်ရှင်

ရိုးပြာမြေဝယ် မြေဖြစ်စေတော့

ကြောင်ညှိုပါးရယ် စားတတ်လှတယ်

နတ်ရှော့သူ

တောပွဲ

မြို့ပွဲ ...စသည့်

ဝတ္ထုတိုများအပါအဝင်

စာရေးသူ၏ ဝတ္ထုတိုလက်ရာ ၂၆ ပုဒ်

စုစည်းထုတ်ဝေခြင်း။

FIC0044

3,500.00 KS

mgyoe.com

ထဘီလေးတစ်ထည်နှင့်အခြားဝတ္ထုတိုများ၊ နုနုရည်အင်းဝ
မျက်နှာဖုံးပန်းချီ - ဝင်းဝေ၊ စာမျက်နှာ ၂၅၈+ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ထဘီလေးတစ်ထည်

နှင့်

အခြားဝတ္ထုတိုများ

## နုနုရည်အင်းဝ

ပထမအကြိမ်၊ ၂၀၀၆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ထဘီလေးတစ်ထည် | ၁ |
| ၂။ | ညိုးသူကို ကူဆောင်လို့ | ၉ |
| ၃။ | ရိုးပြာမြေဝယ် မြေ့စေတော့ | ၂၁ |
| ၄။ | ရေပေါ်မှာ လွှားပါလို့ | ၃၁ |
| ၅။ | ဇမ္ဗူတစ်ဝှမ်းမှာ လှူဒါန်းမယ့်သူတွေ | ၄၁ |
| ၆။ | နှုတ်ဆက်စမ်းချင်ရဲ့ မှာလိုက်မယ် | ၅၃ |
| ၇။ | နှင်းပြောင်းတဲ့ နွေငယ်မှာလေ | ၆၅ |
| ၈။ | နမ်းမှာလားမောင်ရဲ့ မွှေးတယ်ရှင် | ၇၇ |
| ၉။ | မဟော်သစာ ခေါ်ခဲ့ပါ | ၈၇ |
| ၁၀။ | ထားခဲ့ပါ ဆရာ | ၉၇ |
| ၁၁။ | ကြောင်ညိုပါးရယ် စားတတ်လှတယ် | ၁၀၅ |
| ၁၂။ | ဆန်ပြုတ်ပွဲတော် | ၁၁၃ |
| ၁၃။ | လေးလွန်း၍ မတွန်းနိုင်ဘူးလား | ၁၂၁ |
| ၁၄။ | အဖေ မဟုတ်ပါဘူးနော် . . . | ၁၃၁ |
| ၁၅။ | ငမိုးနဲ့အိုး | ၁၃၉ |



mgyoe.com

mgyoe.com

| | | |
|---|---|---|
| ၁၆။ | နတ်ချော့သူ | ၁၄၉ |
| ၁၇။ | အရဏ် | ၁၅၇ |
| ၁၈။ | ရောဂါရှာပုံတော် | ၁၆၇ |
| ၁၉။ | တောပွဲ | ၁၇၇ |
| ၂၀။ | မြို့ပွဲ | ၁၈၅ |
| ၂၁။ | ခွေးသရဲ | ၁၉၃ |
| ၂၂။ | ကျွန်မနဲ့ ဖုန်းပြေစက် | ၂၀၇ |
| ၂၃။ | မြနှင်းဆီတေးသရုပ်ဖော် | ၂၁၉ |
| ၂၄။ | ကျွန်မနဲ့ ဘောလုံး | ၂၂၇ |
| ၂၅။ | လွိုင်ကထုံ | ၂၃၇ |
| ၂၆။ | ပျားတို့သည် မချို မှိုတို့သည် မပေါက် ယာတို့သည် ခြောက်ကုန်၏ | ၂၅၁ |


❑

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ထဘီလေးတစ်ထည်

နံနက်ခင်း လေပြည်သည် အေးမြညင်သာစွာ တိုက်ခတ်နေသည်။

မီးဖိုမှ မီးညွန့်များသည် ရဲရဲနီကာ ဟုန်းဟုန်းတောက်လျက်ရှိ၏။

မိဒိုးသည် ထမင်းအိုးကို မနိုင့်တနိုင် မ ကာ မီးဖိုပေါ်တင်လိုက်၏။

ကျပ်ခိုးမှိုင်းများဖြင့် ညစ်ပေနေသော အိုးဖုံးကို ဆန်ဆေးရည်ဖြင့် ဆေးပြီး ဖုံးလိုက်သည်။

ညနေအတွက် ချန်ထားသောဆန်ကို ပုဆိုးနှင့် ပြန်ထုပ်၏။

ရေအိုးနားမှ မန်ကျည်းရွက်ထုပ်ကို သွားယူကာ ကြမ်းပေါ် ဖင်ချအထိုင် လိုက် ဗြိခနဲမြည်ကာ ထဘီပြဲသွားပြီကို မိဒိုးသိလိုက်၏။ ကပျာကယာ ထကာ ထဘီကိုလှည့်ကြည့်လိုက်တော့ တစ်ထွာခန့်ရှိ အစုတ်ကြီး။

သွားပါပြီ၊ ကုန်ပါပြီ။

သည်ထဘီက အမေထားခဲ့သော ထဘီသုံးထည်အနက်က နောက်ဆုံး ထဘီ။

မိဒိုး ထဘီကို အသာလှည့်ဝတ်ကာ ဖြည်းညင်းစွာထိုင်ချပြီးမှ မန်ကျည်း ရွက်သင်၏။

နောက်နေ့မှ အရီးလေးတို့အိမ်က အပ်နှင့်အပ်ချည်ငှားပြီး သီရမည်။

မန်ကျည်းရွက်တွေက တမြန်နေ့ကတည်းက ခူးထားသည်မို့ နည်း နည်းနွမ်းနေကြပြီ။ မနက်ဖြန်အတွက် မန်ကျည်းရွက်ကိုချန်ပြီး ပြန်ထုပ်

mgyoe.com

mgyoe.com
ထားလိုက်၏။ အိမ်ရှေ့တွင် ကစားနေကြသော မိဒိုး၏အောက် အငယ် မသုံးယောက်က မီးဖိုချောင်ဆီသို့ တကြည့်တည်း ကြည့်နေကြသည်။ မန်ကျည်းရွက်အိုးထဲသို့ ငါးပိထုပ်ထဲမှ လက်ကျန်ငါးပိနည်းနည်းကို ပစ်ထည့်လိုက်၏။ ဆီပုလင်းကို လောင်းချသော်လည်း ကျလာသည်မှာ တစ်စက်နှစ်စက်။ မိဒိုးက ပုလင်းဖင်ကို လက်နှင့်ရိုက်ချ၏။ ဒီနေ့ညနေ အဖေဆီက ပိုက်ဆံရမှ မနက်ဖြန်အတွက် အားလုံးဝယ်ရမည်။

မန်ကျည်းရွက်ဟင်းအိုး တပွက်ပွက်ဆူချိန်တွင် အိမ်ရှေ့မှ 'ဆွမ်းတော်ဗျို့' ဟူသောအသံကို ကြားရ၏။ ထုံးစံအတိုင်း မိဒိုးက 'ကန်တော့ဆွမ်း' ဟု သွက်လက်စွာ အော်လိုက်သည်။ ဘုန်းကြီးကျောင်းသား အေးမောင်က ဆွမ်းဇုပ်ကိုရွက်ထားရင်းက မိဒိုးကို မျက်စောင်းထိုးလေသည်။

'ထမင်းစားမယ် လာကြဟေ့'

မိဒိုး ခေါ်သံအဆုံးတွင် အငယ်သုံးယောက် အပြေးအလွှားလာကြသည်။

ထမင်းရည် နီရဲရဲတစ်ဇလုံနှင့် မန်ကျည်းရွက်ဟင်းကို အလယ်ထားလျက် ခေါင်းမဖော်အောင် စားကြ၏။ ဆံပင်နီနီနှင့် ခေါင်းလေးလုံးသည် ထမင်းဝိုင်းကို မိုးနေ၏။ မိဒိုးတို့အားလုံး မြစ်ဆိပ်တွင် ရေငုပ်ကြလွန်းသဖြင့် ဆီနှင့်မတွေ့ရသော ဆံပင်များမှာ နီရဲနေကြလေသည်။

× × ×

'သမီး ရော့ဟေ့ ပိုက်ဆံ'

အဖေက ပခုံးပေါ်မှ တက်နှစ်ချောင်းကို တဲခါးပန်းတွင် ထောင်ပြီးသည်နှင့် မိဒိုးကို ပိုက်ဆံပေး၏။ ကျပ်တန်ငါးရွက်။ အဖေ့မျက်နှာမှ ချွေးသီးချွေးပေါက်များကို မိဒိုး ငေးကြည့်နေရင်း 'အဖေ၊ ငှက်ငှားခ သုံးကျပ်ပေးပြီးပြီနော်' ဟု အလောသုံးဆယ် မေးလိုက်၏။ အဖေက မိဒိုးကိုကြည့်၍ ပြုံး၏။

'ပေးပြီးပါပြီ သမီးရဲ့၊ ဟူး ဒီနေ့မစားသာဘူးဟေ့။ ရေနီကျပြီး ရေသိပ်စီးနေတယ်'

မိဒိုးက အဖေပြောသမျှကိုသာ ခေါင်းညိတ်နေရင်း ငွေငါးကျပ်နှင့် ဈေးဝယ်ရန်တွက်စပြု၏။ နက်ဖြန်အတွက် ဆန်တစ်ပြည်က လေးကျပ်။ ဒါနဲ့
mgyoe.com

mgyoe.com


ကိုပဲ လေးကျပ်ရှိနေပြီ။ အသင်းဘုတ်အုပ်နဲ့ထုတ်ရင် နှစ်ကျပ်ဆယ်ပြားပဲ ကျတာ။ အမေဆုံးတုန်းက ငါးဆယ်နှင့်ပေါင်ထားသော အသင်းဘုတ်အုပ်ကို ခုထိမရွေးနိုင်သေးတာ နာတာပဲ။ ထားပါလေ။ ဆီနှစ်ကျပ်ခွဲသားက ပြားရှစ်ဆယ်။ ပြားနှစ်ဆယ်ပဲ ကျန်တော့သည်။ မန်ကျည်းရွက်ချက်ဖို့ ငါးပိက မဝယ်လို့မဖြစ်။ တစ်မတ်ဖိုးကိုတောင်မှ ရွာလယ်ဈေးသည် ဒေါ်ကြီးမှင်က သိပ်ရောင်းချင်တာမဟုတ်။ ပြားနှစ်ဆယ်ဖိုး ရောင်းပါ့မလားဟု မိဒိုး ပူပန်မိ၏။

'ဟဲ့ မိဒိုး မီးဖိုပေါ်ကအိုး ဝေကျနေပြီ၊ ဘာအိုးလဲ'

'ရပါတယ်အဖေရဲ့၊ အဝေရာရွက်ပြုတ်ထားတာပါ၊ ဒီနေ့ည အဝေရာသုပ်နဲ့ မန်ကျည်းရွက်ဟင်း'

မီးဖိုပေါ်ကအိုးကို မိဒိုးသွားဖွင့်လိုက်သည်။ စိမ်းဝါဝါအရည်များက ပွက်ပွက်ဆူနေကြသည်။ အဝေရာရွက်တစ်ခက်ကို ဆတ်ခနဲ ဆိတ်ကြည့်လိုက်၏။ မနူးသေးပေ။ မီးဆွပေးလိုက်ပြီး မီးဖိုဘေးက ဝါးကျည်တောက်ဘူးလေးထဲသို့ ပိုက်ဆံကို ထည့်သိမ်းလိုက်၏။

'ဟော့ . . . ငါက ခြောက်ဆင့်ရောက်ပြီနော်၊ ခြောက်ဆင့်ခုန်ရမှာ'

ဖန်ခုန်တမ်း ကစားနေသောနေရာမှ အလတ်မ၏အသံစူးစူးက ဝမ်းသာအားရ ထွက်ပေါ်လာသည်။ သူ့ညီမသုံးယောက် ဖန်ခုန်တမ်း ကစားနေသည်ကိုကြည့်ရင်း မိဒိုး ရုတ်တရက် ကစားချင်စိတ်ပေါ်လာသည်။ မိဒိုး မကစားရတာ ကြာလှပြီ။ အမေရှိတုန်းကဆို ရွာလယ်ပိုင်းထိတောင် သွားကစားရ၏။ မြစ်ဆိပ် သောင်ပြင်ပေါ်တွင်လည်း သူငယ်ချင်းများနှင့် ဘိုအိမ် မဆောက်ရသည်မှာလည်း ကြာပြီ။

မိဒိုးသည် ထဘီကို ခပ်တင်းတင်းပြင်ဝတ်ပြီး တဲရှေ့သို့ပြေးသွားလျက် အလတ်မ ခုန်မည်ပြုနေသော ခြောက်ဆင့်ကို လွှားခနဲ ခုန်ကျော်လိုက်၏။ ပါးစပ်ကလည်း 'ငါခုန်တာ တွေ့လားဟေ့'ဟု ဝမ်းသာအားရအော်၏။ အလတ်မ နှုတ်ခမ်းစူ၏။

'ငါခုန်နေတာ ဘာလုပ် နင် ဝင်ခုန်တာလဲ၊ သွားမပါရဘူး'

'အိုး . . . ပါမှာပေါ့၊ နင် မခုန်နိုင်တိုင်း . . . နင်က အီးဘောသော'

မိဒိုးက သူ့ညီမကို စ၏။ အလတ်မ ပိုပြီးစိတ်ဆိုးလာ၏။

mgyoe.com

mgyoe.com

'နင်နော် နင်၊ အပျိုက အပျိုလိုနေပါလား၊ အပျိုဆိုတာက ကလေးတွေထဲ မပါရဘူး သွား'

'ဘာ . . . ကြည့်စမ်း၊ ဘာ အပျိုလဲ . . . ငါလည်း ကလေးပဲ'

ကလေးစိတ်တစ်ဝက်နှင့် မိဒိုး ပြန်အော်၏။

'အမယ် . . . နင် ကလေးဆိုရင် နင်ဘာပြုလို့ ရေချိုးတုန်းက အဖေ့ရေလဲနဲ့ ချိုးလဲ၊ ငါတို့လို ချိုးပါလား ကဲ'

မိဒိုး ရှက်သွား၏။ အဖေ့ဆီကို မလုံမလဲလှမ်းကြည့်ရင်း ရှက်ရှက်နှင့် အလတ်မခေါင်းကို 'ဒေါက်'ခနဲ နေအောင် ခေါက်ပစ်လိုက်လေသည်။

× × ×

မန်ကျည်းရွက်ခူးတိုင်း မိဒိုး ကောက်လာသော မန်ကျည်းကိုင်းများနှင့် ဆူးစည်းလုပ်နေသော အဖေ့ဘေးတွင် မိဒိုးတို့ညီအစ်မတစ်တွေ ဝိုင်းနေကြလေသည်။ အဖေက အကိုင်းအခက်ရှုပ်သော မန်ကျည်းကိုင်းများကို စု၍ အရင်းမှ ကြိုးဖြင့် တင်းနေအောင် ချည်သည်။

'ပြီးပြီလား အဖေ၊ မြစ်ထဲကို အခု သွားချရအောင်နော် အဖေ'

အငယ်ဆုံးမက စိတ်အားထက်သန်စွာ ပြောသည်။ မိဒိုးတို့တစ်ရွာလုံးလိုလို ဆူးစည်းချလေ့ရှိ၏။ မန်ကျည်းကိုင်းနှင့်လုပ်သော ဆူးစည်းမှာ ငါးသိပ်မပါသော်လည်း နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ ဖော်လျှင် တစ်ချက်စာလောက်တော့ ရတတ်လေသည်။ ဆူးစည်းကို ရေတိမ်တိမ်တွင် ချရ၏။ ရေတိမ်တွင် သွားနေတတ်သော ငါးသေးသေးလေးများမှာ မန်ကျည်းကိုင်းရှုပ်ရှုပ်တွင် ဝင်တိုးမိပြီး မထွက်နိုင်ကြတော့ပေ။ တချို့ နည်းနည်းတတ်နိုင်သူများက ငါးကြီးများရရန်အတွက် ရေနက်ပိုင်းကျသော မြစ်ရိုးတစ်လျှောက်လုံးလို ကြိုးတန်းအရှည်ကြီးဖြင့် မျှားတန်းတန်း ကြလေသည်။

ဆူးစည်းကို ထမ်းလျက်သွားသော အဖေ့နောက်မှ မိဒိုးတို့ ခုန်ပေါက်လိုက်လာကြ၏။ အဖေက ရေတိမ်တိမ်တွင် ဆူးစည်းကို မြုပ်အောင်ချပြီး စိုက်ထားသော ဝါးလုံးတိုင် ချည်နေ၏။ အငယ် သုံးယောက်လုံး ရေထဲတွင် တဝုန်းဝုန်း ကူးနေကြပြီ။ အလတ်မက သဲကြမ်းများနှင့် ချေးတွန်းရင်း မိဒိုးကို လှမ်းပြောင်ပြနေ၏။ ညီမအငယ်နှစ်ယောက်က ရေထဲတွင်

mgyoe.com

ငုပ်လိုက်ဖော်လိုက်နှင့် ကူးခတ်နေကြ၏။ မိဒိုးသည် လက်မောင်းပိန်ပိန်လေးပေါ်သို့ မကြာခဏ လျှောကျနေသော ရှင်မီးအင်္ကျီကြိုးကို ပခုံးပေါ်ဆွဲဆွဲတင်ရင်း ဟိုတုန်းကလို အဝတ်အစားများကို အမြန်ချွတ်ကာ ရေထဲပြေးဆင်းချင်စိတ် ပေါ်လာသည်။ အဖေက ဝါးလုံးတိုင်မြဲအောင် အုတ်ခဲကျိုးနှင့်ထုနေရင်း မိဒိုးကို လှမ်းပြောသည်။

ဟဲ့ . . . မိဒိုး၊ ရေချိုးမှာ ချိုးလေ၊ ဘာလုပ်နေတာလဲ'

မိဒိုးသည် အဖေဝတ်ထားသော ရေလဲပုဆိုးကို မသိမသာကြည့်ရင်း ခပ်တိုးတိုး ပြန်ပြောလိုက်သည်။

'တော်ပြီ အဖေ ဒီနေ့ ရေမချိုးတော့ဘူး'

× × ×

အေးစိမ့်စွာတိုက်ခတ်လာသော လေ၏ အထိအတွေ့ကြောင့် မိဒိုးဖျတ်ခနဲ လန့်နိုးလာခဲ့သည်။ မိဒိုးကိုယ်ပေါ်တွင် စောင်မရှိတော့ပေ။ အငယ်သုံးယောက်သည် စောင်ကို သူတို့ဘက်ဆွဲယူသွားပြီး ပူးကပ်ခွေကာ အိပ်ပျော်နေကြသည်။ မိုးလင်းတော့မည်။ အလင်းရောင်မှုန်ပျပျကို မြင်နေရပြီ။ မိဒိုးက ထဘီကိုအသာဆွဲခြုံကာ မျက်လုံးများကို ပြန်မှိတ်လိုက်သည်။ ဗိုက်ထဲတွင် ဟာနေသည်။ ဗိုက်ဆာသည် ဆိုခါမှ သည်နေ့မနက် ဟင်းချက်စရာ မရှိ။ မန်ကျည်းရွက်ဖြစ်ဖြစ်၊ အဝေရာရွက်ဖြစ်ဖြစ် သွားခူးရလိမ့်မည်။ ငါးပိနည်းနည်း ရှိသေးသည်။ ငါးပိနည်းနည်းကို သည်နေ့အတွက် ခွဲချန်လိုက်သဖြင့် မနေ့ညက မန်ကျည်းရွက်ဟင်းမှာ ချဉ်လိုက်သည်မှ စုတ်စုတ်လန်နေသည်။ အငယ်ဆုံးမက မျက်နှာရှုံ့မဲ့မဲ့နှင့် 'အဖေ ဆူးစည်း သွားမဖော်သေးဘူးလား'ဟု ထမင်းစားမပြီးမချင်း တတွတ်တွတ် မေးလေသည်။ မိဒိုးသည် အိပ်ရာမှ ဗျာပျာကယာ ခုန်ထလိုက်သည်။ ဟုတ်သားပဲ။ ဆူးစည်းချထားတာ ဒီနေ့ဆို နှစ်ရက်တောင် ရှိသွားပြီ။ မိဒိုးသည် တဲအောက်ကို ခုန်ဆင်းလိုက်၏။ အဖေ့ကိုကြည့်တော့ အိပ်မောကျနေတုန်းပင်။

မိဒိုးသည် မြစ်ဆိပ်သို့ ခပ်သွက်သွက်လျှောက်ခဲ့၏။ မြစ်ပြင်ကိုဖြတ်တိုက်လာသော အရဏ်ဦးလေက အေးမြလှသည်။ မိဒိုး ထဘီကို ဆွဲခြုံလိုက်သည်။ မြစ်ဆိပ်တွင် မည်သူမျှ မရှိသေးပေ။ မိဒိုးတို့ ဆူးစည်းမှာ

mgyoe.com

mgyoe.com

တခြား ဆူးစည်းများနှင့် အတော်လေး လှမ်းလေသည်။ သို့သော် မိဒိုးသည် ဆူး စည်းဖော်ဖို့ကိုသာ စိတ်စောနေသဖြင့် ကြောက်ရကောင်းမှန်း မသိပေ။ ထဘီကို ခပ်တိုတိုပြင်ဝတ်ပြီး မိဒိုး ရေထဲသို့ ဆင်းလိုက်သည်။ ဆူးစည်းကို အသာမပြီး ကုန်းပေါ်သို့ချသည်။ ကျလာပါစေ၊ ငါးတွေ အများကြီး အများကြီး။ မိဒိုးသည် စိတ်အားထက်သန်စွာ ဆူးစည်းကို လှုပ်ခါလိုက်၏။ မိဒိုးမျက်နှာ ရှုံ့မဲ့သွား၏။ ငါးက တစ်ကောင်တစ်မြီးမှ ကျမလာပေ။ ဘာလို့ပါလိမ့်။ ရေနီကျနေလို့လား။ မိဒိုး စိတ်ပျက်လက်ပျက်ဖြင့် ဆူးစည်းကို ရေထဲပြန်ချပြီး နီရဲသောမြစ်ပြင်ကို လှမ်းကြည့်လိုက်၏။ အလို။ မိဒိုး မျက်လုံးများ ဝင်းလက်သွား၏။ ရေနက်ပိုင်းတွင် တန်းထားသော မျှားတန်း တစ်နေရာသည် လှုပ်ရှားယိမ်းထိုးနေပေသည်။

ထောင်ထားသော ငါးအရှင်က သေလောက်ပြီ၊ ရှင်နေလျှင်လည်း ဒါလောက် မလှုပ်ယမ်းနိုင်။ ဟုတ်ပြီ။ ငါးကြီးတစ်ကောင်မိနေတာပဲ ဖြစ်ရမည်။ မိဒိုး ဘာကိုမျှ စဉ်းစားမနေတော့။ ရေထဲသို့ အမြန်ဆင်းရင်း မျှား တန်းဆီသို့ ကူးသွားလိုက်သည်။ မိဒိုးသည် လှုပ်နေသောနေရာတွင် ကိုယ်ကို အသာဖော့ထားရင်း ကြိုးကို မ ကြည့်လိုက်သည်။ မိဒိုးထင်သည့် အတိုင်းပင်၊ ငါးပတ်ကြီး။ နည်းတဲ့အကောင်ကြီး မဟုတ်။ ဝမ်းသာလိုက် သည်မှာ ပြောစရာမရှိ။ မည်သူ့မျှားတန်းပဲဖြစ်ဖြစ် ဖြုတ်မည်။ မိဒိုးသည် ခြေထောက်နှစ်ချောင်းကို အားပြုကာ ရေကို ယက်၍ ယက်၍ ကိုယ်ဖော့ ရင်း လက်နှစ်ဖက်စလုံးဖြင့် ငါးကို ဖြုတ်လေသည်။ ငါးပတ်ကြီးကား တဖြန်းဖြန်း ရုန်းကန်နေပေသည်။ ဖြုတ်ရသည်မှာ မိဒိုးထင်သလောက် မလွယ်။ အမှန်မှာ မျှားတန်းဖော်လျှင် လှေပေါ်မှနေ၍ အေးအေးဆေးဆေး ဖော်လေ့ရှိကြသည်။

ရေစီးသည် မိဒိုးအောက်ပိုင်းကို အရှိန်ဖြင့် တွန်းထိုးနေပေသည်။ ရေစီး ထဲတွင် ပါသွားမလိုဖြစ်နေသည်။ ခြေထောက်နှစ်ဖက်ကိုသာ အဆက် မပြတ်ကူးယက်ရင်း ငါးကိုသာ မဲဖြုတ်သည်။ ခုနေများ မျှားတန်းဖော်တဲ့ လူရောက်လာမှဖြင့် ဟူသော အတွေးဖြင့် ဇောချွေးများပင် ပြန်လာသည်။ အားစိုက်ကာ မိဒိုး ဆက်ဖြုတ်ပြန်သည်။ ငါးပတ်ကြီး မော၍ နည်းနည်း အငြိမ်တွင် တအားဆောင့်ဆွဲပစ်လိုက်သည်။ ရပြီ။ ငါးပတ်ကြီးကို မလွတ်

mgyoe.com

mgyoe.com

စေရန် လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဆုပ်ရင်း ကမ်းစပ်သို့ ခြေထောက်ဖြင့်သာ အမြန်ကူးသည်။ ဝမ်းသာလိုက်သည်မှာ မိဒိုး တုန်ယင်၍တောင် နေသည်။ မိဒိုး ကုန်းပေါ်သို့ အမြန်ပြေးတက်လိုက်သည်။

'အို . . . အမယ်လေး'

မိဒိုး အလန့်တကြားအော်ရင်း မြေကြီးပေါ်တွင် ထိုင်ချလိုက်မိ၏။ မိဒိုးကိုယ်ပေါ်မှ ထဘီလေး မရှိတော့ပြီ။ ရေစီးနှင့်အတူ မျောပါသွားခဲ့ပြီ။ ဖောနှင့် ငါးကိုသာ မဲဖြုတ်နေသည်မို့ မိဒိုး ထဘီကျွတ်ကျသွားမှန်းကိုပင် မသိနိုင်တော့။ မိဒိုး တစ်ကိုယ်လုံး ရှက်စိတ်ဖြင့် တုန်ယင်လာ၏။ သွားပြီ။ အမေထားခဲ့သော မိဒိုး၏ တစ်ထည်တည်းသော ထဘီလေး။ မျက်ရည်တွေ ဝဲလာ၏။ အိမ်ကို မည်သို့ပြန်ရမည်နည်း။ မိုးလင်းစပြုနေပြီ။ လူတွေနိုးနေကြပြီ။ ရွာလယ်လမ်းမကြီးကို မိဒိုး ဘယ်လိုဖြတ်ပြန်ရပါမလဲ။ မြေကြီးပေါ်တွင် ငါးပတ်ကြီးသည် ပါးဟက်ကြီးကို ဟလျက် အသက်ရှူနေ၏။ မြစ်ညာဆီမှ ငှက်အချို့ စုန်ဆင်းလာကြပြီ။ မကြာမီ လူတွေလာကြတော့မည်။ ဘာလုပ်ရမလဲ။ ဘာလုပ်ရမလဲ။ အိမ်ကို ဘယ်လိုပြန်ရပါ့မလဲဟု တွေးရင်း ရုတ်တရက် ဗိုက်ထဲက ဆာလောင်လာပြန်သည်။ မိဒိုးသည် ငါးပတ်ကြီးကို ဆတ်ခနဲ ကောက်ယူလိုက်၏။ အံကို တင်းတင်းကြိတ်ကာ မျက်စိကို စုံမှိတ်ပြီး တအားကုန်ပြေးလေသည်။ ရွာလယ်လမ်းမသို့ ရောက်တော့မည်။ ဘုရားရေ။ လူတွေထွက်လာနေကြပြီ။ ရှက်စရာကောင်းလိုက်တဲ့ဖြစ်ခြင်း။ မိဒိုး တအားပြေးရင်း မျက်ရည်များ စီးကျလာ၏။

'အို . . . ဟဲ့ . . . မိဒိုး'

'ဟဲ့ ကောင်မလေး ဘာဖြစ်လာ . . .'

လူတွေ၏ အံ့သြကြီးစွာ အော်လိုက်သော အသံများကို မိဒိုး မကြားပေ။ အံကို တင်းတင်းကြိတ်ထားသော မိဒိုးသည် မျက်ရည်များ စီးကျလျက် ငါးပတ်ကြီးကို တင်းကျပ်စွာ ဆုပ်ရင်း အိမ်ဆီသို့ တအားပြေးနေပေသည်။

(၁၉၈၄ ခုနှစ်၊ မတ်လ၊ ပေဖူးလွှာမဂ္ဂဇင်း)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ညိုးသူကို ကူဆောင်လို့

မြေနီလမ်းသည် ချိုင့်ခွက်များဖြင့် ပြည့်နေသောကြောင့် စက်ဘီးနင်းရသည်မှာ ခရီးမတွင်လှပေ။

'ဟောဒီရွာ တစ်ရွာလုံး ဒီသူငယ်မ အလှဆုံးဖြစ်ပေမယ်'

စက်ဘီးကို အားစိုက်နင်းရင်း တွေ့ရာသီချင်းတစ်ပိုင်းတစ်စကို စိန်ပေါ အော်ဆိုလိုက်သည်။ သူ့ဘေးလမ်းမှ လှအောင်က 'အို . . . ဘာတဲ့တုံး ကိုစိန်ပေါရဲ့'ဟု အားပေးရင်း အနားကပ်လာသည်။

'ဟေ့ကောင် . . . ငါ့နားမကပ်နဲ့။ ဘီးချင်းတိုက်လို့ နို့ပုံးမှောက်မှ ဟုတ်ပေ့ဖြစ်နေမယ်'

စိန်ပေါက စက်ဘီးနောက်ပိုင်း ဖင်ထိုင်ခုံရှိ သံချိတ်တွင် တစ်ဖက်တစ်ပုံးစီဆွဲထားသော နွားနို့ပုံးကို စိုးရိမ်တကြီး လှည့်ကြည့်မိ၏။ လှအောင်က ချွေးတွေရွှဲနေသော မျက်နှာပြောင်စပ်စပ်နှင့်

'ဟာ . . . မှောက်မှောက်ပေါ့ကွ၊ နွားနို့လေး နှစ်ပုံးမှောက်တာများ သောက်ဂရုစိုက်လို့'

စိန်ပေါက ကုန်းဆင်းကို ထိန်းဆင်းနေရသဖြင့် လှအောင်ကို စကား မပြန်နိုင်။ မနက် ငါးနာရီကတည်းက နွားနို့ ဆယ့်လေးပိဿာကို အိုမင်း

mgyoe.com

mgyoe.com

ဟောင်းနွမ်းလှပြီဖြစ်သော စက်ဘီးနှင့် သယ်ခဲ့ရသည်မှာ မသက်သာလှ။ ကိုးနာရီတော့ ရှိလောက်ပြီ။ နေကိုကြည့်ကာ အချိန်ကို မှန်းမရပေ။ နယုန် မိုးသားကြောင့် ကောင်းကင်မှာ အုံ့မှိုင်းနေသည်။ ကူးတို့ဆိပ်တော့ ရောက် ခါနီးပြီ။ သိပ်မလိုတော့။ မိုးနံ့ပါလေသည် ဖြည်းညင်းစွာ တိုက်ခတ်လာသည်။

'ဟေ့ကောင်တွေ မြန်မြန်နင်းကြပါဟ၊ အပြန် မိုးမိမှာစိုးရတယ်'

ရှေ့ဆုံးမှနင်းနေသော ကိုရှိန်ကြီးက စိန်ပေါ်တို့နောက်သို့ လှည့်အော် ၏။ စိန်ပေါ်နှင့် လှအောင်တို့ ကိုရှိန်ကြီးနောက်သို့ အမီနင်းကြ၏။ စိန်ပေါ် တို့ အင်းဝကူးတို့ဆိပ်ရောက်သောအခါ မိုးဖွဲလေးများ တဖွဲဖွဲကျစပြုလာ သည်။ ကူးတို့ဆိပ်သည် ဆူညံရှုပ်ထွေးနေပေပြီ။ ကူးတို့ မော်တော်ပေါ် တွင် ဆိတ်အုပ်သည် တပဲပဲအော်ကာ ထိတ်လန့်စွာ တိုးဝှေ့နေကြ၏။ စိန်ပေါ် သည် အကြော်တဲနားတွင် စက်ဘီးကိုရပ်ကာ သံချိတ်မှ နွားနို့ပုံးကိုဖြုတ် လိုက်၏။

'နို့ဘီးတွေလာပြီဟေ့၊ ဘယ်သူ့အလှည့်တုံး'

ငှက်ဆိပ်မှ ငှက်သမားများ အော်သံကို ကြားရ၏။ သည်အရပ်တွင် နွားနို့ပို့သော စက်ဘီးကို 'နို့ဘိန်း'ဟု ခေါ်ကာ စိန်ပေါ်တို့ကိုတော့ 'နို့ဘိန်း သမား'တွေဟု ခေါ်ကြလေသည်။

'ဟေ့ကောင်တွေ မအေပေးတွေ၊ နို့ပုံးလာသယ်ကြဦးဟ'

စိန်ပေါ်က ငှက်သမားများကို လှမ်းအော်၏။

'လာပြီဟ ငါ့သားရ၊ အဖေလာပြီဟ သိပ်အော်မနေနဲ့'

ခပ်ကြီးကြီး ငှက်သမားက နို့ပုံးကိုမရင်း ပြန်အော်၏။ နေ့စဉ်သွားနေ ကျမို့ သည်ကူးတို့ဆိပ်မှ ငှက်သမား၊ မြင်းလှည်းသမားအားလုံးနှင့် ပြော မနာဆိုမနာ ရင်းနှီးနေကြပြီ။ နို့ပုံးများနှင့် စက်ဘီးများကို ငှက်ပေါ်တင် ကာ တစ်ဖက်ကမ်းသို့ ကူးချိန်တွင် နေပွင့်လာ၏။ သည်ဘက်ကမ်း ကူး တို့ဆိပ်ကမ်းပါးသည် မတ်စောက်လှချေသည်။ ကမ်းပါးထိပ်ရှိ အုန်းနဲ့ပင် တွင် စက်ဘီးကိုမှီကာ နို့ပုံးများချိတ်ပြီးသောအခါ စိန်ပေါ်တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်နေပြီ။ စိန်ပေါ်က ခါးမှပုဆိုးကိုဖြေကာ ချွေးတွေကို သုတ် လိုက်၏။ ကိုရှိန်ကြီးကတော့ ရှေ့မှနင်းပေပြီ။ စိန်ပေါ်သည် စစ်ကိုင်း- မန္တလေးကားလမ်းဆီသို့ မျှော်ကြည့်လိုက်ရင်း စက်ဘီးကို ခပ်သွက်သွက်

mgyoe.com

mgyoe.com
စနင်းလိုက်သည်။ သူ့ရှေ့မှ လှအောင်၏ အသံညြညြသည် မိုးသက်လေထဲတွင် ပျံလွင့်လာသည်။

'မိုးတောင်ကညို့ သည်မိုးရွာရင် စိုစိုကာရွဲပါ့မယ်'

× × ×

မိုးသည် သဲသဲမဲမဲ ရွာနေ၏။ စစ်ကိုင်း–မန္တလေး ကားလမ်းမကြီးသည် မိုးရေအောက်တွင် နက်မှောင် ပြောင်လက်နေပေသည်။

'မိုးတောင်ကညို့ . . . ဟော့ ဟော့ မိုးလေးတောင်ကညို့'

စိန်ပေါသည် မေးရိုက်သံနှင့် သီချင်းကို တအားအော်ဆိုလိုက်သည်။ နို့ပုံးဗလာများသည် တဝုန်းဝုန်းနှင့် စည်းချက်လိုက်ကြ၏။ စိန်ပေါတို့အားလုံး ရွှဲစိုရွှဲနေကြပေသည်။ ကိုရှိန်ကြီးက မိုးရေများကို မျက်နှာပေါ်မှ သပ်ချလိုက်ရင်း စိန်ပေါ စက်ဘီးဘေးသို့ ကပ်လာ၏။

'ငါ့ချီးတဲ့မှကွာ၊ မိုးတွင်းကတော့ တကယ်ရောက်ပြီဟော့၊ နို့ဈေးတွေကတော့ ရှေ့တစ်ပတ်လောက်ဆို ဝေါခနဲ ဝေါခနဲ ကျလိုက်မယ့်ဖြစ်ခြင်းကွာ'

'ကျကျပေါ့ဗျာ၊ မိုးတွင်း ဒီလိုပဲကျတာပဲ ဥစ္စာ။ ကျုပ်တို့ နို့ဆီရုံကဈေးသိပ်မနှိမ်ပါဘူးဗျ။ ခင်ဗျားကလည်း တခြားအချိန်ဈေးကောင်းရတာလည်း ပြောဦးမှပေါ့'

'အိုကွာ . . . ဘယ်လောက်များ ဈေးကောင်းရလို့လဲ။ တစ်ခါလာလည်း တစ်ပိဿာ သုံးကျပ်နဲ့ကောက်၊ လေးကျပ်နဲ့သွင်း။ တစ်ပိဿာ တစ်ကျပ် မြတ်၊ ငါးမူးမြတ်။ ဟော ဈေးလည်းကျရော နှစ်ကျပ်ခွဲကကို မတက်နိုင်တော့ဘူး စိန်ပေါရာ။ မင်းတို့က လူပျို လူလွတ်တွေဆိုတော့ တော်သေးတယ်ကွ။ ငါက မိန်းမနဲ့ ကလေးတွေနဲ့'

'ဟာဗျာ . . . ခင်ဗျားကလည်း ညည်းလိုက်တာဗျာ၊ ကျွန်တော်တို့လဲ မထူး . . . အမယ်လေး'

အရှိန်ပြင်းပြင်းမောင်းလာသော ကားနားကပ်သွားသောကြောင့် စိန်ပေါ အသည်းအေးသွား၏။

'ဟေ့ကောင် . . . လမ်းကို ကြည့်စီးကွ၊ မင်းယောက်ဖနောက် လိုက်သွားချင်လို့လား'

mgyoe.com

mgyoe.com

ကိုရှိန်ကြီးက စိုးရိမ်တကြီး လှမ်းအော်သည်။

'ပါးစပ်ပုပ်ကြီးနဲ့ နိမိတ်မရှိ နမာမရှိ မပြောစမ်းနဲ့ဗျာ။ အဲဒီ ယောက်ဖ ကောင်းမှုကြောင့် အစ်မနဲ့ကလေးငါးယောက် ကျုပ် လုပ်ကျွေးနေရတာ။ ဒီကကောင်မှာ လူရုပ်တောင်မပီဘူး'

စိန်ပေါ်စကားကြောင့် ကိုရှိန်ကြီး တွေခနဲ ဖြစ်သွားလေသည်။ ခုလိုပဲ မိုးသည်းသည်း ရွာနေတုန်းပေါ့။ မန္တလေး ဈေးချိုနားမှာ စက်ဘီးဘရိတ်တုံး ပြုတ်ကျပြီး နွားနို့ပုံးတွေမမှောက်ရန် ထိန်းရင်း ရှေ့ကကားနှင့် ဝင်တိုးကာ သေခဲ့ရသော စိန်ပေါ်ယောက်ဖ သူ့သူငယ်ချင်းအဖြစ်ကို မနေ့တစ်နေ့ကနှယ် မြင်ယောင်လာသည်။

အင်းဝလမ်းခွဲသို့ ရောက်သောအခါ မိုးစဲသွားပေပြီ။ လမ်းခွဲမှ ကူးတို့ဆိပ်သို့သွားသော ဖုန်လမ်းမှာ ရွံ့ဗွက်လမ်းဖြစ်နေပေပြီ။ စိန်ပေါ်တို့အားလုံး ဆင်းတွန်းကြရသည်။ နို့ပုံးဗလာမို့သာ တော်တော့သည်။ နို့တွေနှင့်များဆို မလွယ်။ မိုးတွင်းဒုက္ခ စ ပေပြီ။ မိုးတွင်းတစ်တွင်းလုံး ဒီအတိုင်းသွားရတော့မည်။ ကူးတို့ဆိပ်သို့ ရောက်သောအခါ သုံးယောက်စလုံး မတိုင်ပင်ရဘဲ အရက်ဖြူဆိုင်ဆီသို့ တန်းသွားကြ၏။ သူတို့အားလုံး ခိုက်ခိုက်တုန်နေကြသည်။ ဗိုက်ကလည်း ဆာလှပြီ၊ ပဲကြီးလှော်သုပ် အမြည်းနှစ်ပန်းကန်မှာ ခဏချင်း ပြောင်သွားသည်။ အရက်တစ်လုံးလည်း ချောပြီ။ အရက်ကလေး ဝင်လာသည်နှင့် လှအောင်က ဖောက်လာသည်။

'ချစ်ချင်တယ် . . . ချစ်ချင်တယ်၊ ချစ်ချစ် ရှာမယ်ဟေ့'

ဒီကောင်က ခပ်ထွေထွေဆို သွေးက ဆိုးချင်သည်။ ပြောပြောဆိုဆို အပြင်ဘက်ထွက်သွား၏။ ကိုရှိန်ကြီးက စိတ်ပျက်ဟန်နှင့် ခေါင်းကို ကုတ်၏။

'ဟေ့ကောင် . . . လိုက်သွားဦး၊ မိန်းမသွားရှာပြန်ပြီ။ ချော့ခေါ်ခဲ့ကွာ၊ မိုးတွေလေတွေနဲ့ ပြန်ရအောင်ကွာ'

'အိုဗျာ . . . ကိုရှိန်ကြီးကလည်း အဟီးဟီး . . . တစ်ခါတလေပဲဗျာ၊ ကျုပ်တို့မှာ အဖိုးနည်း အိုးကွဲ ပျော်စရာဆိုလို့ ဒါလေးတွေပဲ ရှိတာဗျ'

စိန်ပေါ်က ခပ်ထွေထွေနှင့် တဟဲဟဲရယ်ရင်း လှအောင်ဆီသို့ ထွက်ခဲ့၏။ ခပ်လှမ်းလှမ်းတွင် လှအောင်သည် မိန်းမတစ်ယောက်နှင့်အတူ ရပ်

mgyoe.com

mgyoe.com
နေရာမှ စိန်ပေါ်ဆီသို့ ခပ်သုတ်သုတ် ပြန်လျှောက်လာသည်။ မိန်းမသည် ငှက်ဆိပ်သို့ဆင်းသွား၏။ အသားညိုညို ပိန်ပိန်နှင့် စိန်ပေါ် သိသည့်အထဲက မဟုတ်ပေ။

'ဟေ့ကောင် . . . ဘယ်က ဟာလဲကွ၊ တို့နဲ့မသိဘူး . . .။ ကြည့်လည်း လုပ်ဦး . . . အရင်းထဲက ပါလိမ့်မယ်။ အရက်ဖိုးလည်း ပေးရဦးမှာဟ'

လှအောင်က တဟဲဟဲရယ်ရင်း လက်သုံးချောင်းထောင်ပြကာ တိုးတိုး ပြောသည်။

'မပူပါနဲ့ကွ ပိုင်ပါတယ်၊ သုံးကျပ်တည်းပါ'

'ဘာ . . . သုံးကျပ် ဟုတ်လား'

စိန်ပေါ် အမူးပင် ပြေမလိုလိုဖြစ်သွား၏။

'ဟုတ်ပါတယ် ဆိုမှကွာ'

လှအောင်က သူ့စက်ဘီးကိုတွန်းရင်း ကမ်းပါးမှ ဆင်း၏။ ဟိုဘက် ကမ်းအရောက်တွင် စိန်ပေါ်က ဟိုကြည့်သည်ကြည့် ကြည့်သည်။

'ဟေ့ကောင် ဘယ်မလဲကွ'

'ဟာ . . . မင်းကလည်း စောင့်နေကျနေရာ သူသိတယ်ကွ၊ အဲဒီမှာ ရှိမှာပေါ့'

'စောင့်နေကျနေရာ'ဆိုသည်ကား ချုံနွယ်ပိတ်ပေါင်းထူထပ်သော အင်းဝ မြို့ရိုးဟောင်း တစ်နေရာပင်တည်း။

စိန်ပေါ်က စက်ဘီးကို ခပ်သွက်သွက်နင်းရင်း တွေ့ရန် စိတ်စောနေ လေသည်။ ကိုရှိန်ကြီးက တည်ည်းညည်း တညူညူနှင့် နောက်က လိုက် လာသည်။ စိန်ပေါ်က ရှေ့ဆုံးမှ အပြေးနင်းနေသော လှအောင်ကို အမိနင်း ရင်း မေးလိုက်၏။

'ဟေ့ကောင် . . . နာမည်က ဘယ်သူတုံးကွ'

'ငွေမြိုင်တဲ့ မောင်ရေ့'

× × ×

'ရော့ . . . သုံးကျပ်'

စိန်ပေါ်က ကျပ်တန်အနွမ်း သုံးရွက်ကို လှမ်းပေးလိုက်သည်။ ဒုတိယ

mgyoe.com

mgyoe.com
အကြိမ် မငွေမြိုင်နှင့် တွေ့ဆုံခြင်းဖြစ်၏။ မငွေမြိုင်က ပိုက်ဆံကို မယူသေးဘဲ စိန်ပေါ မဖော်ပြတတ်သော ဟန်တစ်မျိုးနှင့် ကြည့်၏။

'နှစ်ကျပ်လောက် ငွေမြိုင်ကို ပိုပေးပါလား အစ်ကိုရယ်နော်'

'အမယ်လေး . . . ခင်ဗျားက ကျုပ်တို့များ ငွေတွင်းရှိတယ် အောက်မေ့နေလား။ ငွေရှာရတာ လွယ်မှတ်လို့။ ရွာနဲ့ မန္တလေး အသွားအပြန်မိုင်သုံးဆယ်ကို လှျာထွက်အောင်နင်းနိုင်မှ ငွေလေးဆယ့်လေးကျပ် အနိုင်နိုင်ရယ်'

စိန်ပေါက ကျပ်တန်သုံးရွက်ကို ပစ်ချပေးလိုက်၏။ မငွေမြိုင်က ပလိပ်စက်ရုံထွက် အထည်စကို ချုပ်ထားသော အင်္ကျီကိုဆွဲချရင်း မျက်စောင်းထိုးသည်။

'ဟင်း . . . တော်တော် ကပ်စေးနဲတဲ့လူကြီး၊ ငွေလေးနှစ်ကျပ်ကိုများ'

'အောင်မယ် . . . နှစ်ကျပ်လည်း နှစ်ကျပ်အလျောက်ပဲဗျ၊ ငွေက ခင်ဗျားတို့လို လွယ်လွယ်နဲ့ရတာ မဟုတ်ဘူး'

'အို . . . ဘယ်လောက်လွယ်လွယ်ရရ ဒီအလုပ်ကို ငွေမြိုင် သိပ်မုန်းတာပဲ'

စိန်ပေါက ခပ်လှောင်လှောင် ရယ်လိုက်၏။

'တကယ်လားဗျ . . . ဟုတ်မှလည်း ပြောပါနော်'

'အိုး . . . တကယ်ပေါ့ရှင့်၊ ဘာလဲ . . . ရှင်က ဒီအလုပ်ကို ဝါသနာပါလို့ လုပ်နေတယ်များ မှတ်နေလား . . .။ ဒီမယ်ရှင့် မြဲမြဲမှတ်ထား၊ ဘယ်မိန်းမမျိုးမှ ဒီအလုပ်ကို ဝါသနာပါလို့ လုပ်နေတာ မဟုတ်ဘူး။ ထမင်းအတွက်ရှင့် သိရဲ့လား . . . ထမင်းအတွက်။ ရှင်တို့အရင်က ခေါ်ခေါ်နေတဲ့ မစိန်မြဟာလေ . . . သူ့လင်က လေဖြတ်ပြီး ကလေးကလည်း ခြောက်ယောက်နဲ့မို့'

မငွေမြိုင်အသံက တင်းမာသော်လည်း တုန်ယင်နေသည်။

'အိုး . . . အပိုတွေ ပြောမနေစမ်းပါနဲ့ဗျာ . . .၊ တခြားအလုပ်တွေမှ တစ်ပုံကြီး။ နောက်ဆုံး သူများအိမ်မှာ အစေခံလုပ်ဦးတော့ ထမင်းတော့ မငတ်ပါဘူးဗျ'

'ဩော် . . . အစ်ကိုရယ် ခက်ပါဘိတော့၊ ငွေမြိုင် စုံခဲ့ပါပြီ။ ဘာ
mgyoe.com

အလုပ်မဆို လုပ်ချင်လွန်းလို့ လိုက်တောင်းခဲ့ပါတယ်။ ဒါပေမဲ့ ငွေမြိုင်ကို ဘယ်သူမှ မခိုင်းချင်ဘူး။ အလုပ်မပေးကြဘူး'

'အို . . . ဘာဖြစ်လို့လဲ'

'ဩော် . . . ငွေမြိုင်က မျိုးမရှိ ဆွေမရှိ တစ်ကောက်ကြွက်မ။ ဖအေမပေါ်တဲ့ကိုယ်ဝန်နဲ့ ဇာတ်ထဲကထွက်ခဲ့ရတဲ့ အကျင့်ပျက်မ ဆိုတော့ . . .'

'ဘာ . . . ဇာတ်ထဲက'

စိန်ပေါက အသားအရေ မွဲခြောက်ခြောက်၊ အသံက ပြာပြာနှင့် ပိန်ညှော်ချည့်နဲ့ကာ အလှဆို၍ ဘယ်မှာ ရှာရမည်မသိသော ဇာတ်ထဲက ငွေမြိုင်ကို အငေးကြည့်နေမိလေသည်။ မငွေမြိုင်က မျက်ရည်ကျစပြုနေပေပြီ။ အပိုအမှုအရာလက္ခဏာတွေ မရှိတော့သော မငွေမြိုင်၏မျက်နှာသည် မလှသော်လည်း သနားစရာကောင်းနေသည်။

'အစ်ကိုက ငွေမြိုင်ကို ဇာတ်ထဲကဆိုလို့ အံ့သြနေသလား။ ငွေမြိုင်လေ ဆိုနေ ကနေရမယ်ဆိုရင် ထမင်းမစားဘဲတောင် နေနိုင်တယ်။ အို ငယ်ငယ်ကဆို အမေရိုက်ခံ အဆူခံပြီး ပွဲတိုင်းကြည့်၊ အိမ်ကျပြန်ကကြည့် ငွေမြိုင် မင်းသမီး သိပ်လုပ်ချင်တာပဲ။ ငွေမြိုင်က ရုပ်တော့ဆိုးပါတယ်။ ဒါပေမဲ့ အကကောင်း အသံကောင်းလို့ နာမည်ကြီးတဲ့မင်းသမီးတွေ တစ်ပုံကြီးပါ နော် အစ်ကို။ ငွေမြိုင်က ရုပ်မလှပေမဲ့ ဟောဟောဒီလိုကပြီး . . . 'ကံထူးပါတဲ့ ဉာဏ်ထူးပါတဲ့မြိုင်၊ ကြည်ကြည်လင်လင် အေးအေးဆေးဆေးမြိုင်'

ပြောရင်းဆိုရင်း မငွေမြိုင်သည် ထ ကလေပြီ။ ဘုရားရေ မငွေမြိုင်၏ ဝါသနာကား နည်းတဲ့ဝါသနာ မဟုတ်ပါလား။ စိန်ပေါ် မဖော်ပြတတ်သော ဟန်တစ်မျိုးကား ဇာတ်ဟန်ပင်တည်း။ မငွေမြိုင်က ထိုဇာတ်ဟန်နှင့် ဆက်ပြော၏။

'အရင်တုန်းက မငွေမြိုင်တို့ သားအမိနှစ်ယောက် ဒီကူးတို့ဆိပ်မှာ အကြော်ရောင်းတယ်။ အဖေမဆုံးခင်ကတော့ အဖေက ငှက်ခတ်တယ်။ အို . . . အဲဒီတုန်းက ဇာတ်ကားများ ကူးတို့ဆိပ်ဆိုက်လာပြီလားဆို ပြေးပြီး မိတ်ဆက်ရတာ အမော။ အမေလည်းဆုံးရော ငွေမြိုင်လည်း ကူးတို့ဆိပ်က ကူးနေကျ စိန်မေတ္တာဇာတ်အဖွဲ့ကို အတင်းပြောပြီး လိုက်သွားတာပေါ့။ ဇာတ်ထဲမှာလေ တစ်ဇာတ်လုံးကခိုင်းသမျှ ငွေမြိုင်လုပ်ပေးတာပဲ။

mgyoe.com

mgyoe.com

ငွေမြိုင် သိပ်ပျော်တာပဲ။ နှစ်နှစ်လောက်ကြာတော့ ယိမ်းထဲမှာကရင်း ကားဆွဲတဲ့ ကိုညိုနဲ့ ငွေမြိုင်နဲ့ ကြိုက်ကြတယ်။ ဒါပေမဲ့ ငွေမြိုင် ကိုယ်ဝန်ကို သူက ငြင်းတယ်။ ဒီတော့ ငွေမြိုင်ကို ဖအေမပေါ်တဲ့ကိုယ်ဝန်နဲ့ ဇာတ်ထဲက ထုတ်ပစ်လိုက်တာပေါ့။ ငွေမြိုင်လေ ဇာတ်ဆရာ့ခြေကိုဖက်ပြီး တောင်းပန်သေးတယ်၊ အင်း . . .'

မငွေမြိုင်က သက်ပြင်းကိုရှိုက်လိုက်ရင်း . . .

'ဒီလိုဘဝမျိုးနဲ့ ပြန်လာတဲ့ ငွေမြိုင်ကို ဘယ်သူမှ ဆွေးဖော်ကြောဘက် မလုပ်ကြဘူး၊ ငွေမြိုင်ကို ခိုင်းရင် ခိုးမှာစိုးသတဲ့။ အိမ်ကြီးရှင်မတွေက သူတို့လင်နဲ့ ဖြစ်မှာစိုးသတဲ့။ ကဲ ငွေမြိုင် 'ပုန်းတွတ်'ဖို့အတွက် အဲ အဲ့ဒါ ငွေမြိုင်တို့ ဇာတ်စကား။ အဲ ထမင်းစားဖို့ ဒီအလုပ်မလုပ်လို့ ဘာလုပ်ရမှာလဲ'

'ဒါဖြင့် ခု မငွေမြိုင်ကလေးကော'

စိန်ပေါ်အမေးကြောင့် မငွေမြိုင်မျက်နှာသည် ပို၍ညှိုးနွမ်းသွား၏။

'ကလေးဟုတ်လား အစ်ကို၊ ငွေမြိုင်ရဲ့သားလေးလေ ဆင်းရဲလွန်းလို့ မွေးပြီးတစ်လမှာ သေသွားတယ်။ သားသား ငွေမြိုင်ရဲ့သား'

မငွေမြိုင်သည် ပါးစပ်မှ သားကိုတရင်း ရှိုက်၍ ငိုလေသည်။ စိန်ပေါ်၏ရင်သည် တင်းကျပ်ကျပ်ကြီး ဖြစ်နေမိ၏။

'ကဲပါဗျာ မငိုပါနဲ့။ ဒီလိုပါပဲ။ ကျွန်တော်တို့ဘဝလည်း အဆင်ပြေတယ်ရယ် မဟုတ်ပါဘူး။ ဒါနဲ့ ခင်ဗျား ခု နေတော့ကော'

'အို . . . ဒီလိုပဲပေါ့။ ငွေမြိုင်မှာ နေစရာမှမရှိတာ။ ညကျခေါ်တဲ့လူမရှိရင် ကူးတို့ဆိပ် လက်မှတ်ရုံဘေးမှာ အိပ်တာပေါ့'

စိန်ပေါ်က သုံးကျပ်တန်မိန်းမကို သနားလှစွာ ကြည့်မိ၏။

'ဟော့ကောင် စိန်ပေါ် ကြာလှချည်လားဟ။ သေများသေနေပြီလားလို့။ လာတော့ဟေ့'

မြို့ရိုးအောက်မှ လှအောင်ခေါ်သံကို ကြားရ၏။ မငွေမြိုင်က မျက်ရည်ကြားမှ စိန်ပေါ်ကို ပြုံးပြ၏။ စိန်ပေါ်သည် အိတ်ထဲမှ ကျပ်တန်တစ်ရွက်ကို မငွေမြိုင်ကို ပေးလိုက်ရင်း မြို့ရိုးပေါ်မှ ခပ်သုတ်သုတ်ဆင်းလိုက်၏။ စိန်ပေါ်နားထဲတွင်တော့ မငွေမြိုင်၏ ရှိုးသားသည့် အသံလေးကိုသာ ထပ်

mgyoe.com

တလဲလဲ ကြားယောင်နေပေသည်။

'ငွေမြိုင်လေ ဆိုနေ ကနေရမယ်ဆိုရင် ထမင်းတောင် မစားဘဲ နေနိုင်ပါတယ် အစ်ကိုရယ်'

× × ×

အဆက်မပြတ်ရွာထားသော မိုးဒဏ်ကြောင့် အင်းဝလမ်းတစ်လျှောက်လုံး ရွှံ့ဗွက်များဖြင့်အတိ ဖြစ်နေ၏။ ရွှံ့ဗွက်ထဲတွင် ဘီးက စုတ်စုတ်နှင့် နွားနို့ပုံးများကို မမှောက်အောင်ထိန်းရင်း ရုန်းရသည်မှာ မလွယ်လှ။ နွားနို့ဈေးကျသည်မှာလည်း ကြာပြီ။

'သွားသာသွားရတယ် စိတ်ကိုမပါဘူး၊ နို့ဈေးကကျ၊ လမ်းကလည်း ဆိုးလိုက်တာ'

ကိုရှိန်ကြီးမျက်နှာမှာ ရှုံ့မဲ့နေသည်။ လှအောင်က စိန်ပေါ်အားတွင် ယှဉ်နင်းရင်း စိန်ပေါ် စက်ဘီးလက်ကိုင်ရှိ ပြောင်းဖူးတွဲကိုကြည့်သည်။

'ဟေ့ကောင် ငပေါ်၊ ပြောင်းဖူးတွဲက ဘာလုပ်ဖို့တုံးကွ'

'မငွေမြိုင် ပေးမလို့'

'အမယ် သံယောဇဉ်တွေ သံယောဇဉ်တွေ အဟီးဟီး'

စိန်ပေါ်က လှအောင်နှင့်အတူ ရောရယ်သည်။ ကိုရှိန်ကြီးက မျက်မှောင်ကြုတ်သည်။

'ဟေ့ ခွေးသားလေး မဟုတ်တာတွေ လုပ်မယ်မကြံနဲ့နော်။ မင်း အိမ်ပြန်တိုင်ပစ်ရမလား၊ အပျက်ကို အပျက်လို ဆက်ဆံပါလားကွ၊ မင်းဟာက'

'သြော် . . . ကိုရှိန်ကြီးကလည်း ကျုပ်တို့နဲ့ မငွေမြိုင်ဟာ ဘဝတူတွေပါဗျာ၊ ထမင်းတစ်လုပ်အတွက် ကျုပ်တို့လိုပဲ ရုန်းနေရှာတာပါ။ ဘဝတူချင်းကို စာနာတာပါဗျာ'

'ချီးတဲ့မှ ကြီးကျယ်မနေစမ်းပါနဲ့ကွာ၊ အပျက်ဟာ အပျက်ပါပဲ'

ကိုရှိန်ကြီးက မကျေနပ်ပေ။ စိန်ပေါ်တို့ ချစ်ပွဲဝင်ရာ မြို့ရိုးနားရောက်ခါနီးတွင် စိန်ပေါ်တို့လိုပင် စက်ဘီးများနှင့် ကြက်ဝယ်ထွက်သော မန္တလေးဘက်မှ ကြက်ဘိန်းသမားအုပ်စု ဒရောသောပါး ဘီးနင်းချလာသည်ကို မြင်ရ၏။ ကိုရှိန်ကြီးက ကပျာကယာရှောင်ရင်း တစ်တစ်ခွခွ ဆဲ၏။

mgyoe.com


'ဘာများဖြစ်လာလို့ပါလိမ့် ခွေးသားတွေ၊ ဟော့ ဟော့ . . . ဟိုမယ် စိန်ပေါ၊ မင်း မငွေမြိုင် မဟုတ်လား'

လှအောင်အသံကြောင့် စိန်ပေါ လှမ်းကြည့်လိုက်သည်။ မြို့ရိုးအခြေမှ ချုံနွယ်များကြားတွင်တော့ မငွေမြိုင် ဆံပင် ဖရိုဖရဲ ဖိုသီဖတ်သီနှင့် မျက်ရည်စများဖြင့် ပြေးထွက်လာသည်။

'သေချင်းဆိုးတွေ ကာလနာတွေ လုပ်ရက်ကြတယ်။ ကားတိုက်သေပါစေတော်၊ အီး ဟီး ဟီး'

စိန်ပေါတို့ မငွေမြိုင်ဆောတွင် ရပ်လိုက်ကြသည်။ မငွေမြိုင်က ဆက်ငိုသည်။

'ဟို သေချင်းဆိုး ကြက်ဘိန်းတွေက ကျုပ်ကို ပိုက်ဆံတစ်ပြားမှ ပေးမသွားဘူးတော့။ ကိုစိန်ပေါတို့ရဲ့ ကျုပ် ဒီနေ့ ထမင်းစားစရာမရှိဘူး'

စိန်ပေါ ထောင်းခနဲ ဒေါသထွက်လာသည်။ ဘဝတူချင်း ရက်စက်သည့်ကောင်တွေ။ စိန်ပေါက တောက်တစ်ချက်ခေါက်ရင်း ပြောင်းဖူးတွဲကို ဆွဲဖြုတ်သည်။

'ကဲကဲ ငိုမနေနဲ့ ရော့ ရော့ ခင်ဗျားစားဖို့၊ ကျုပ်တို့လည်း ကူးတို့ ကူးဖို့ ပိုက်ဆံပဲပါတယ်'

စိန်ပေါတို့ ဆက်နင်းလာသောအခါ ပြောင်းဖူးတွဲကိုကိုင်ရင်း မငွေမြိုင် ကျန်ခဲ့လေသည်။ စိန်ပေါတို့ ပြန်အလာတွင်ကား ငှက်သမားများ၏ တဲလေးထောင့်တွင် စောင်နွမ်းတစ်ထည်ခြုံကာ ခွေနေသော မငွေမြိုင်ကို တွေ့ရသည်။ မငွေမြိုင် ဖျားနေပြီ။ စိန်ပေါမနေနိုင်။ မရှိသည့်ကြားမှ ကျပ်တန်တစ်ရွက်ကို ကမ်းပေးမိသည်။ မငွေမြိုင်က ခေါင်းကိုခါရင်း . . .

'နေပါစေ ကိုစိန်ပေါ၊ ကိုစိန်ပေါတို့ နို့ဈေးတွေကျနေတာ ငွေမြိုင် သိပါတယ်။ ကိစ္စမရှိပါဘူး ခဏနေရင် ဖောက်သည်တွေ လာဦးမှာပါ'

ဩော် . . . ဖြစ်မှဖြစ်ရလေခြင်း မငွေမြိုင်။ ဖျားနေလျက်က ဖောက်သည်ကို မျှော်ရပြန်သည်။ စိန်ပေါသည် ကျပ်တန်အနွမ်းကို တင်းကျပ်စွာ ဆုပ်ရင်း လှည့်ထွက်ခဲ့သည်။

ဩော် . . . သူ့လည်းမကယ်နိုင် ကိုယ့်လည်း မကယ်နိုင်သည့်ဘဝ ပါလား။

× × ×

mgyoe.com

mgyoe.com


အညာမိုးကား ရွာမယ့်ရွာတော့လည်း မတိတ်နိုင်။ သုံးရက်ခန့် ဧွ နေသဖြင့် စိန်ပေါတို့ ဘယ်လိုမှ နွားနို့ပို့မသွားနိုင်။ သည့်နေ့မနက် မိုးအစဲ တွင်တော့ ဇွတ်ထွက်လာကြရသည်။ ကြာရှည်နားနေလို့မဖြစ်။ ဝမ်းရေးက မနေသာ။ မိုးမိခါမှမိရော မတတ်နိုင်ပေ။ ကူးတို့ဆိပ်ကတော့ မိုးစဲသည် နှင့် လှုပ်လှုပ်ရှားရှားဖြစ်နေပြီ။ ဒုဋ္ဌဝတီမြစ်ကား မိုးရေများနှင့် နီရဲနောက် ကျိုနေကာ အရှိန်ပြင်းစွာ စီးနေပေသည်။ စိန်ပေါတို့ နို့ပုံးများဖြုတ်နေစဉ် တွင် မြင်းလှည်းဂိတ်ဆီမှ ဆူဆူညံညံကြားရ၏။ စိန်ပေါ လှမ်းကြည့်လိုက် သောအခါ ကူးတို့တဲအောက်မှ မြင်းလှည်းသမားများ ဝိုင်းမလာသော မငွေ မြိုင်။ ဘုရား ဘုရား စိန်ပေါ ထိတ်ခနဲဖြစ်သွားကာ ပြေးသွားလိုက်သည်။

'မိုးမိပြီး ဖျားနေတာကြာပြီဗျ၊ ဘာဆေးမှလည်း မသောက်နိုင်တာဗျာ'

'ဟာ မသေသေးတာ ကံကောင်းပဲ၊ သတိကတော့ လုံးလုံးမရဘူး'

'ကဲပါ ဆေးရုံသာ ပို့ပေးလိုက်ကြပါ၊ လုပ်ပါ'

တစ်ယောက်တစ်ပေါက်အသံများနှင့်အတူ မငွေမြိုင်ကို မြင်းလှည်း တစ်စီးပေါ်သို့ တင်ကြသည်။ မငွေမြိုင်ကား ချုံးချုံးကျနေသည်။ မြင်းလှည်း ခြေချပုံးထဲတွင် ခွေခွေလေး သတိလစ်နေသော မငွေမြိုင်ကို စိန်ပေါ စိတ် မကောင်းစွာ ကြည့်နေမိသည်။ မငွေမြိုင်၏ ဒန်အိုးမည်းလေးတစ်လုံး၊ အဝတ်ထုပ်လေးနှင့် သင်ဖြူးစုတ်လေးမှာ ကူးတို့တဲအောက် မိုးရေထဲတွင် တုံးလုံးပက်လက် ဖြစ်နေကြသည်။

မိုးသက်လေက တိုက်ခတ်လာပြန်ပြီ။ ကောင်းကင်သည် မှောင်မည်း လာပေသည်။

'ဟေ့ စိန်ပေါ လာတော့ဟေ့၊ နို့ပုံးတွေ တင်ရအောင်ဟ။ မိုးက လာ တော့မယ်၊ ချီးတဲ့မှပဲ'

ကိုရှိန်ကြီး၏ စိတ်တိုတိုနှင့် အော်သံကြောင့် စိန်ပေါ သတိရကာ ငှက် ဆိပ်သို့ အပြေးဆင်းခဲ့ရသည်။

'ဒီမယ် ကိုရှိန်ကြီး၊ မငွေမြိုင် သနားပါတယ်ဗျာ။ သတိကိုမရဘူးဗျ၊ သေများ သေမလား မသိဘူးနော်'

'အေး သူသေတာ သနားတာထက် ကိုယ့်ကိုလည်း ပြန်သနားဦးကွ၊ ဟိုမယ် မိုးတွေလာနေပြီ'

mgyoe.com

mgyoe.com

စိန်ပေါသည် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်ရင်း နို့ပုံနှစ်ပုံးကို အားယူကာ မ လိုက်သည်။

မိုးစက် မိုးပေါက်များကား အငြိုးတကြီး ကျလာကြပေပြီ။

(၁၉၈၄ ခုနှစ်၊ ဩဂုတ်လ၊ ပေဖူးလွှာမဂ္ဂဇင်း)

mgyoe.com

mgyoe.com

# ရိုးပြာမြေဝယ် မြေ့စေတော့

စိမ်းမြသော သစ်ရွက်များကြားမှ မြို့ပတ်ရထား ဖြတ်သန်းသွားသည်ကို လှမ်းမြင်ရ၏။ ရထားလမ်းဘေး တစ်ဖက်ရှိ ပေါက်ပင်များတွင် လိမ္မော်ရောင် ပေါက်ပွင့်များ ပင်လုံးကျွတ်မျှ လှပစွာ ဖူးပွင့်နေကြသည်။

'အေ . . . ဒီက ကန်စွန်းရွက်'

အဘလှိုင်၏ အော်သံသည် ကြည်လင်စွာ ထွက်ပေါ်လာ၏။ အော်သံအဆုံးတွင် သံရှည်ဆွဲသွားပုံက တစ်မူထူးခြားသည်။ ထူးခြားရပေမပေ့။ သီချင်းပေါင်းမြောက်မြားစွာကို အရိုက်အဟဲ အမျိုးမျိုးဖြင့် သီဆိုခဲ့သော ပါးစပ်ဆိုတော့ အကျင့်က ဖြစ်နေပြီ။ အဘလှိုင်အသံကို တစ်ချိန်က နားဝင်ချိုခဲ့ကြသော ပရိသတ်တချို့တလေဆိုရင်ဖြင့် ရုပ်သေးမင်းသား စပယ်လှိုင်၏အသံဟု ချက်ချင်း မှတ်မိကြပေလိမ့်မည်။ သို့သော် အကွက်မပေါ်တော့သော လုံချည်အနွမ်း၊ ချေးအထပ်ထပ်နှင့် အင်္ကျီကုတ်ပြဲကြီးကိုဝတ်ကာ ကန်စွန်းရွက် အထမ်းကြီးကိုထမ်းထားသော မည်းညစ်ညစ်အဘိုးအိုကို ဟိုတစ်ချိန်တုန်းက ထာဝစဉ်ပြုံးနေတတ်သော လူပုံချောနွဲ့နွဲ့ ရုပ်သေးမင်းသား စပယ်လှိုင်ပါဟု ပြောလျှင်တော့ မည်သူကမျှ ယုံလိမ့်မည်မဟုတ်ပါ။ သာယာချိုမြသော အသံဖြင့် သီချင်းတစ်ပုဒ်ကို ဆိုလိုက်ပြီလားဆိုမှဖြင့် ပွဲခင်းတစ်ခင်းလုံး တုတ်တုတ်မလှုပ် ငြိမ်ကျစေခဲ့သော စပယ်လှိုင်။

mgyoe.com

mgyoe.com


စပယ်လှိုင်မှ စပယ်လှိုင်၊ တစ်လှိုင်တည်း လှိုင်ခဲ့ကြသော ခေတ်တစ်ခေတ်သည် ဝေးစွာ ကျန်ရစ်ခဲ့လေပြီ။

အဘလှိုင်သည် မည်းညစ်ကြမ်းထော်နေသော လက်များဖြင့် ထမ်းပိုးကို တင်းကျပ်စွာဆုပ်မိသည်။ နေပူမရှောင် မိုးရွာမရှောင် ကန်စွန်းရွက်ရောင်းရသည့်ဒဏ်ကြောင့် အဘလှိုင်မျက်လုံးတွေက မှုန်လှပြီ။ အေးလေ၊ ရုပ်သေးခေတ်တစ်ခေတ်ကို စောင့်ရင်း သမီးနှင့်သမက်တို့ သထာစေရန် တစ်ဖက်က ကန်စွန်းရွက်ရောင်းခဲ့သည်မှာ ကြာပဲ ကြာလှပေါ့။

လိမ္မော်ရောင် ပေါက်ပွင့်များကို မြင်ရတော့ လွန်ခဲ့သောနှစ် သုံးဆယ်ကျော်က ရုပ်သေးစင်ပေါ်တွင် 'တပို့တွဲ ပေါက်လဲရယ်တဲ့ ငုံစိစိ၊ ဖူးတံကချို' ဟူသော ရာသီဖွဲ့ကို အားပါးတရဆိုခဲ့သည်ကို အဘလှိုင် အမှတ်ရ၏။

'ကိုယ်တော်ဘုရာ့'ဆိုသော လက်စွဲ၏အသံကို ကြားယောင်၏။ နူးညံ့ပျောင်းနွဲ့သော လက်နှစ်ဖက်ဖြင့် မင်းသားရုပ်လေးကို ကျွမ်းကျင်လှပစွာ ကပြနေချိန်တွင် စံပယ်လှိုင်၏ ပန်းနုရောင် ခေါင်းပေါင်းသည် လေဝယ် တလွင့်လွင့်နှင့်။ လင်သည်၏မျက်နှာကို အထင်ကြီးအားကိုးစွာ ငေးမောကြည့်နေတတ်သော ဇနီးသည် မယ်ရွှေမျှင်ကလည်း ရေပူရေချမ်း ကမ်းလှမ်းရန် ဘေးနားတွင် အရန်သင့်။ မင်းသားအလှည့်မရောင်ခင် မရွှေမျှင် တယုတယချုပ်ပေးထားသော လဲထိုင်ဖုံလေးမှာ ထိုင်၍စောင့်သည်မှာလည်း သက်သောင့်သက်သာ ရှိလှ၏။ ဩော် . . . လင့်ပါရမီကို အဖက်ဖက်မှ ဖြည့်ခဲ့သော မရွှေမျှင်တစ်ယောက် ခုတော့ အိပ်ရာပေါ်မှာ နာတာရှည်ရောဂါသည်ဘဝနှင့် လဲခဲ့ပြီ။

မွေးထားသော သားသမီး ခြောက်ယောက်ကလည်း တစ်ယောက်တလေမျှ အနုပညာသွေးမပါခဲ့ကြ။ အဘခြေရာကို နင်းမည့်သူဆို၍ တစ်ယောက်မျှ မပါခဲ့ကြဘဲ ပျံကျအလုပ်များဖြင့် တစ်ကွဲတစ်ပြားစီ။ အဆိုးဆုံးက အဘပညာကို နည်းနည်းမှ အထင်မကြီးခြင်းပင်တည်း။ ဩော် . . . သင်းတို့မှာ ပါရမီမပါလို့ဘဲဟု အဘဖြေသိမ့်ခဲ့ပေမဲ့ သားသမီးများ၏ 'အဖေကလည်း ဇာတ်သံကြီးနဲ့ စကားမပြောစမ်းပါနဲ့'၊ 'အဖေ တစ်ခါက ရုပ်သေးကတယ်ဆိုတာ လျှောက်ပြောမနေနဲ့'ဟူသော အသံများကိုကြားလျှင်တော့ အဘ ရင်နာရသည်။ သင်းတို့အမေ မယ်ရွှေမျှင်ကတော့ သူတို့

mgyoe.com

mgyee.com


နှာခေါင်းရှုံ့သော 'ဇာတ်သံ'ကို ယုယစွာ မွေးမြူပေးခဲ့သည်။

သင်းတို့ငယ်ငယ်တွင် ရပ်သေးခေတ် တိမ်ကောစပြုပြီမို့ အဘနှင့် ဘွားရွှေမျှင်တို့ အလုပ်မျိုးစုံလုပ်ကာ ရှာဖွေ ကျွေးမွေးခဲ့ရသည်။ ပင်ပန်းဆင်းရဲခဲ့ရသည်။ ခုထိလည်း သမီးနှင့်သမက်တို့၏ အငြိုငြင်ခံလျက် ပင်ပန်းဆင်းရဲစွာဖြင့် အဘ ရုန်းကန်ရတုန်း။ အထင်သေး စော်ကားသော စကားများကို ကြားနေရတုန်းပင်။

အဘ သက်ပြင်းတစ်ချက်ကို ချရင်း ထမ်းပိုးကိုပခုံးပြောင်းသည်။ ကန်စွန်းသုံးလေးစည်းက နွမ်းဖပ်ဖပ်နှင့် ကျန်နေပေသေးသည်။ အဘက သူ့သမီးများ ပြောလေ့ရှိကြသော ဇာတ်သံနှင့် အော်ပြန်သည်။

'အေ . . . ဒီက ကန်စွန်းရွက်'

× × ×

နေ့ဦးသည် ပူလောင် အိုက်စပ်နေ၏။ ကြမ်းကျဲကျဲများကြားမှ ခြင်များ အဆုပ်လိုက် ဝင်လာကြ၏။ အဘက ခြင်များကို ပုဆိုးစုတ်တစ်ထည်နှင့် ယမ်းရင်း ဘွားရွှေမျှင်၏ ခြေသလုံးပိန်ပိန်လေးများကို အသာဆုပ်ပေးနေ၏။ အင်း . . . အရင်ကဆိုရင် အဘအလှည့် ကပြီးပြီဆိုမှဖြင့် 'ကိုရင်ညောင်းနေမှာပေါ့'ဟု ဆိုကာ အိပ်မပျော်မချင်း နှိပ်နယ်ပေးတတ်သော မရွှေမျှင်။ ခုတော့ အဘ အလှည့်ပေါ့။ သမီးဖြစ်သူကတော့ ဗိုက်ကြီးတစ်ကားကားနှင့် အိပ်ပေပြီ။

'ဟဲ့ . . . ကောင်မ၊ သေနေပြီလား ဟေ့'

တဲရှေ့မှ သမက်လုပ်သူ၏အသံကြောင့် အဘ မီးခွက်ကိုယူ၍ ကပျာကယာ ဆင်းခဲ့၏။ သူ့သမက်တစ်ယောက်တည်း မဟုတ်ချေ။ ဆိုက်ကားပေါ်တွင် လူစိမ်းတစ်ဦးက ထိုင်လျက်။ သမက်လုပ်သူက အရက်နံ့ တထောင်းထောင်းနှင့် အဘနား ကပ်လာ၏။

'ဒီမှာ အဘိုးကြီး . . . ခင်ဗျား တယုတယလုပ်လုပ်နေတဲ့ ဟို မင်းသားရုပ်ကို ယူခဲ့စမ်းပါ။ ဒီမယ် . . . ဒီအစ်ကိုက ဝယ်မလို့တဲ့ သိလား'

'အလို . . . ဘုရား'

အဘ ဘုရားတမိသွား၏။ ဘွားရွှေမျှင်၏ မှိန်းနေသော မျက်လုံးလေး

mgyee.com

mgyoe.com
များ ပွင့်လာကြ၏။ 'ကိုရင် မရောင်းနဲ့'ဟူသော အသံတိုးတိုးလေးကို ကြားရ၏။ အဘ၏ကိုယ်ပွား မင်းသားရုပ်လေး စပယ်လှိုင်၊ သေသည်အထိ မခွဲမခွာယူမည်ဖြစ်သော အမြတ်နိုးဆုံးပစ္စည်းလေး။ အဘ အသေသာ ခံမည်။ ဘယ်တော့မှ မရောင်းနိုင်။

'ဘာကြောင်နေတာလဲဗျ၊ အသုံးမကျတဲ့ အရုပ်ကို ဝယ်မယ်ဆိုလို့ အံ့ဩနေသလား။ ငါးရာတောင်ပေးမယ်တဲ့ဗျ၊ ငါးရာ . . . ငါးရာ'

သမက်က လက်ငါးချောင်းထောင်ပြရင်း မူးမူးနှင့် အော်နေ၏။ ဆိုက်ကားပေါ်က လူစိမ်းက 'ဟုတ်တယ် အဘ၊ ငါးရာပေးပါ့မယ်၊ နိုင်ငံခြားသားတွေကို ရောင်းဖို့'ဟု ဝင်ပြောပြန်သည်။ အဘ၏ နှလုံးသည်းပွတ်ကို ဆုပ်ချေခြင်း ခံနေရပြီ၊ ဘွားရွှေမှုင်ဘေးနားမှ မင်းသားရုပ်လေး ထည့်ထားသော ထန်းခေါက်ဖာကို အဘ ရင်မှာပွေ့ရင်း နာကြည်းစွာ ပြန်အော်၏။

'မရောင်းဘူး . . . မရောင်းဘူး၊ ဘယ်လောက် ပေးပေး မရောင်းဘူး'

အဘ အော်သံကြောင့် သမီးဖြစ်သူက ပြူးတူးပြဲတဲနှင့် ထလာ၏။

'အဖေ ရူးနေသလားဟင်၊ ငွေ ငါးရာဆိုတာ နည်းလား၊ ဆိုက်ကားပြင်လို့ ရတယ်။ အမေ့ ဆေးကုလို့လည်း ရတယ်၊ နားလည်လား . . . ပေးလိုက်စမ်းပါ ဒီအရုပ်ကို'

လှမ်းလာသော သမီးဖြစ်သူ၏လက်ကို အဘ ပုတ်ချပစ်လိုက်သည်။

'ကျုပ် ဆေးမကုချင်ဘူး၊ ဒီအရုပ်ကိုမပေးနဲ့'ဟူသော ဘွားရွှေမှုင်၏ အသံတုန်တုန်လေးကို အဘ ဝမ်းနည်းပက်လက်ကြည့်ရင်း 'သမီး နင့်အမေကို မသနားဘူးလား၊ အဖေ့ကို သတ်ချင်သတ်သွား အရုပ်လေးကို မပေးပါရစေနဲ့'ဟု တောင်းပန်သော အဘအသံက ရှိုက်သံပါလာသည်။

'ကဲပါဗျာ . . . ဒီလောက်မှ မရောင်းချင်တာ၊ ဖွတ်လုပ်မနေပါနဲ့၊ တခြားမှာ သွားရှာမယ်'

လူစိမ်းက ဝင်ပြောသဖြင့် ရှေ့တိုးလာသည့် သမက်၏ ခြေလှမ်းများ တန့်သွားကြသည်။ ဘုရား . . . ဘုရား . . .၊ ဘုရား တန်ခိုးတော်ပေပဲ။ ကျေးဇူးကြီးလှပါတယ် မောင်မင်းသားကြီးရယ်။ မြန်မြန်သွားပါတော့။

သမက်ဖြစ်သူက မကြားဝံ့မနာသာ စကားလုံးများကို ရေရွတ်ရင်း လူစိမ်းနှင့် ထွက်ခွာသွားသည်။ သမီးဖြစ်သူ၏ ခြေသံက တဲပြို့မတတ်
mgyoe.com

mgyoe.com


ပြင်းထန်နေပေသည်။ မျက်ရည်များ ပြည့်လျှမ်းသော မျက်လုံးအစုံဖြင့် ဘွားရွှေမျှင်က အဘာကို စိုးရိမ်တကြီး ကြည့်နေသည်။ အဘာ ရင်နင့်ရပြန်ပြီ။

'မယ်ရွှေမျှင် ရယ် . . . ညည်း ခုထက်ထိ၊ ငါ့အပေါ်မှာ ပါရမီဖြည့်နိုင်တုန်းပါပဲလား'

ထိုညက ထန်းခေါက်ဖာလေးကို ထထစမ်းရင်း အဘာ တစ်ညလုံး အိပ်မပျော်ခဲ့ပေ။

× × ×

မင်းသားရုပ်လေး စပယ်လှိုင်၏မျက်နှာ ပြုံးပြုံးလေးမှာ အသက်ဝင်လှသည်။ မင်းသားချိတ်ပုဆိုး အဝါရောင်မှာ အရောင်မှိန်စပြုနေသော်လည်း မင်းသားရုပ်လေးနှင့် လိုက်ဖက်နေတုန်းပင်။ ခေါင်းပေါင်းမှ ရွှေချည် ငွေချည်လေးများကား တလက်လက် တောက်ပနေသေးသည်။

မင်းသားရုပ်ကလေးကို ငေးကြည့်နေကြသော အဘိုးအိုနှင့် အဘွားအို တို့၏ မျက်လုံးများကား အနုပညာချစ်သည့်စိတ်ဖြင့် နုပျိုရွှန်းလက်နေကြပေသည်။ ကြိုးလေးများကို အသာအယာ ကိုင်တွယ်လိုက်ချိန်တွင် အနုပညာပိုးသည် ကြိုးလေးများမှတစ်ဆင့် အဘာလက်ဖျားဆီသို့ စီးဝင်လာပေပြီ။ အဘာ၏ ကြမ်းတမ်းသောလက်များက ကျွမ်းကျင်စွာ လှုပ်ရှားစပြုသည်။

'တူပြိုင် ဂူလှိုင်၊ စကားသစ္စာတိုင်၊ သံသာလေကမ်းတိုင် တူပြိုင်
ကူးမယ်၊ ဆုထူးငယ် ပန်ရွယ်သွန်း ချစ်လို့ရယ်မကုန်၊ ဝသုန်ဤ
မြေ သိကြားစေ သက်သေညွှန်း'

အိပ်ရာပေါ်မှကြည့်နေသော ဘွားရွှေမျှင်၏ မွဲသီသော မျက်လုံးလေးများ တောက်ပလာကြသည်ကို အဘာလှိုင် မြင်ရ၏။ သြော် အနုပညာကို ချစ်သည့် မရွှေမျှင်။ ခုထိလည်း သူ့မှာ မရိုးနိုင်ရှာသေးပါလား။ သမက်နှင့် သမီးတို့မရှိသော အချိန်များတွင် အဘာလှိုင်ကို ကပြခိုင်းမြဲ။ ကပြတိုင်းလည်း သည်လိုပင် ဘွားရွှေမျှင်၏ မျက်လုံးလေးများက ရွှင်လန်းတောက်ပလာစမြဲပင်။ ဒါပေမဲ့ ယဲ့ယဲ့လေးသာရှိတော့သော ဘွားရွှေမျှင်ကိုကြည့်၍ သည်အကြိမ်ဟာ ဘွားရွှေမျှင်ကို နောက်ဆုံးကပြရခြင်းပေလားဟု

mgyoe.com

mgyoe.com

တွေးကာ အဘလှိုင် ရင်နင့်ရ၏။

ဩော် . . . သီချင်းတစ်ပုဒ်တောင် ဆုံးအောင်မဆိုတတ်ပေမဲ့ အနုပညာဝါသနာကြီးလှသည့်မရွှေမျှင်။ လွန်ခဲ့သည့်နှစ်ပေါင်း သုံးဆယ် ကျော်ခန့်က ခေတ်စားခဲ့သည့် ရုပ်သေးပွဲမှန်သမျှ ထိခနဲဆို မရွှေမျှင်တို့ ရှေ့ကရောက်ခဲ့၏။ ညဦးက လှပစွာပန်ဆင်ထားသော ပြောင်းဖူးပွင့်လျော် ပန်းကုံးကို တစ်ပွင့်စီဖြုတ်စားကာ ပတ်စာခွာဖျာသိမ်းထိကြည့်ရင်း မင်းသားကြီး ဦးစပယ်ကြိုင် တည်ထောင်ထားသော ရုပ်သေးအဖွဲ့မှ မင်းသားလေး စပယ်လှိုင်ကို စွဲလမ်းခဲ့၏။ ထို့နောက်တွင်ကား အညာမြို့လေး၏ မျက်နှာဖုံး မရွှေမျှင်၏မိဘများ အလှူဒါနပြုတိုင်း စံပယ်လှိုင်တို့ ရုပ်သေးအဖွဲ့ ကခဲ့ရ၏။

အသံကောင်းရုံမက လူပုံချောသော ကိုစပယ်လှိုင်နှင့် မေတ္တာမျှခဲ့ကြပြီး မရွှေမျှင်တို့၏ တစ်ခုသောအလှူပွဲတွင် ကိုစပယ်လှိုင်နောက်ကို ကောက်ကောက်ပါအောင်လိုက်ခဲ့၏။ အညာမှ အောက်ပြည်အောက်ရွာသို့ ပြေးခဲ့ပြီး တခြား ရုပ်သေးဇာတ်တစ်ဇာတ်တွင် ကိုစပယ်လှိုင်ကို ဝင်ကစေကာ မရွှေမျှင်က နောက်ပိုင်းမှ ပါရမီဖြည့်ခဲ့၏။ ရုပ်သေးခေတ်တိမ်ကောစပြုချိန်တွင်လည်း ရရာအလုပ်ကိုလုပ်ရင်း ကိုစပယ်လှိုင်ကို အားပေးကာ သားသမီးများနှင့် ရုန်းကန်ခဲ့ရသည်။

သားသမီးများ အရွယ်ရောက်စ ပြုချိန်တွင်တော့ သူဌေးသမီး မရွှေမျှင် တစ်ယောက် ပင်ပန်းသည့်ဒဏ်ဖြင့် အိပ်ရာထက်လဲခဲ့သည်မှာ ယနေ့ထိပင်။

အဘသီချင်း အဆုံးတွင် 'ကိုရင့်အသံက ကောင်းသေးတာပဲ'ဟူသော ကပြပြီးတိုင်း ပြောမြဲစကားကို အဘလှိုင်ကြားရ၏။ အဘလက်ထဲမှ မင်းသားရုပ်ကလေး၏ ပုဆိုးဖျားလေးကို ဘွားရွှေမျှင်၏ ပိန်လှီသော လက်ချောင်းကလေးများက အရင်ကလိုပင် တယုတယ ပွတ်သပ်ပေးနေရင်း

'ကိုရင်၊ ကျုပ် နည်းနည်းနေကောင်းရင် အညာကိုပြန်ကြမယ်နော်'

အဘက ခေါင်းကို တဆတ်ဆတ်ညိတ်ပြသည်။ ဘွားရွှေမျှင်က တိုးတိတ်သောအသံနှင့် ဆက်ပြောပြန်သည်။

'ကျုပ်လေ ဒီမှာမသေချင်ဘူး၊ အညာမှာပဲ သေချင်တယ် ကိုရင်ရယ်၊ ကျုပ်သေရင်လေ အညာထုံးစံနဲ့ အသုဘချပါနော်'

mgyoe.com

mgyoe.com

အိပ်ရာထဲ လဲသည့်အချိန်မှစ၍ ပြောသောစကားကို အဘ ရင်နာစွာ ကြားရပြန်ပြီ။

ဘွားရွှေမျှင်ပြောသော အညာထုံးစံမှာ အသုဘချသောအခါ လွမ်းဆွတ်ကြေကွဲဖွယ်ကောင်းသော အသုဘရှု သီချင်းကိုဆိုကာ ဆိုင်းတီး၍ ချခြင်းပင်တည်း။ အသုဘရှုသီချင်း၊ အဆိုတော်၊ အသုဘချရာတွင် တီးသည့်ဆိုင်းဟူ၍ သပ်သပ်ရှိ၏။ တတ်နိုင်သူများက ရှေ့ဆိုင်း နောက်ဆိုင်းနှင့် ချကြ၏။ အင်း အညာသူ အနုပညာဝါသနာရှင်ကြီး ဘွားရွှေမျှင်က သူသေလျှင်တောင်မှ ဆိုင်းနှင့် ဝိုင်းနှင့် သေချင်ရှာ၏။ ဒါပေမဲ့ အဘ အဘွားရွှေမျှင်ကို မသေစေချင်သေးပါ။ သူ ပိုက်ဆံရှိလျှင် ဘွားရွှေ မျှင်ကို နေကောင်းအောင်ဆေးကုပြီး နှစ်ယောက်အတူတွဲကာ ရုပ်သေးတစ်ခေတ်ကို ပြန်လည်ထူထောင်ချင် ပါသေးသည်။ ပြန်လည်ဆန်းသစ်လာမည့် ရုပ်သေးတစ်ခေတ်ကို အဘ မျှော်လင့်ချင်ပါသေးသည်။

× × ×

အဘလှိုင်လက်ထဲမှ ဘွားရွှေမျှင်၏ လက်ပိန်ပိန်လေးများမှာ အေးစက်စပြုလာကြပေပြီ။ ဘွားရွှေမျှင်သည် အသက်ကို ပင်ပန်းစွာရှူရင်း မှေးမှိန်သောမျက်လုံးလေးများကို ကြိုးစားဖွင့်နေရှာသည်။ ဘုရား၊ ဘုရား မယ်ရွှေမျှင်ရဲ့ နောက်ဆုံးအချိန် ရောက်ပြီထင်ပါရဲ့။ အဘလှိုင် ဘာလုပ်ရမည်နည်း။ ဆရာဝန်ပြေးခေါ်မှ ထင်ပါရဲ့။ မဖြစ်နိုင်ပါ။ အဘလှိုင် မျက်မှန်လုပ်ရန်စုထားသော ကျပ်တန်ဆယ်ရွက်ကို တင်းကျပ်စွာဆုပ်ထားရင်း ခေါင်းကို ယမ်းမိသည်။ အဘလှိုင်တတ်နိုင်သည့် အလုပ်ကိုပဲ လုပ်ရပေမည်။ အဘလှိုင်သည် ဘွားရွှေမျှင်၏ မျက်နှာအနီးတွင် ဘုရားစာကို ဖြည်းညင်းစွာ စရွတ်သည်။ ငြိမ်သက်စွာ နားထောင်နေသော ဘွားရွှေမျှင်ကိုကြည့်ရင်း အဘလှိုင် မျက်ရည်ဝဲစပြုသည်။ ဘွားရွှေမျှင်က ပါးစပ်လေးကို မသိမသာလှုပ်ရင်း စကားပြောရန်အားယူသည်။

'ကိုရင်၊ ကျုပ်သေရင် အညာလို အသုဘချပါနော်'

ဘွားရွှေမျှင် အသံတိုးတိုးလေးကြောင့် အဘလှိုင် ရင်နာရပြန်ပြီ။

'စိတ်ချပါ မယ်ရွှေမျှင်ရယ် စိတ်ချ'

mgyoe.com

mgyoe.com

အဘလှိုင်က အထပ်ထပ်ခေါင်းညိတ်တော့မှ စိတ်ချသွားလေဟန်နှင့် ဘွားရွှေမျှင်မျက်လုံးကလေးများ ညင်သာစွာ မှိတ်သွားကြသည်။ ထာဝရ မှိတ်သွားခြင်းပေတည်း။ အဘလှိုင် သီချင်းဆိုနေစဉ် ရေခွက်ကလေးကို အသင့်ကိုင်ရင်း ပြုံးကြည့်နေတတ်သော မရွှေမျှင်။ ဆောင်းရာသီပွဲညများတွင် အအေးမိပြီး အသံဝင်မည်စိုး၍ တစ်ညလုံး ဂရုတစိုက်စောင်ခြုံပေးနေသော မရွှေမျှင်။ ဈေးတောင်းခေါင်းရွက်ကာ ချွေးသံရွှဲရွှဲနှင့် ပင်ပန်းနေသော မရွှေမျှင်။ မရွှေမျှင်၏ရုပ်ပုံလွှာအားလုံးကို မြင်ယောင်လာရင်း အဘလှိုင်၏ မျက်ရည်များက တပေါက်ပေါက် ကျလာကြပေသည်။

'မယ်ရွှေမျှင်ရယ် ညည်းဟာ ရှာမှရှားတဲ့ မိန်းမ။ ညည်း ငါ့ကို အမျိုးမျိုး ပါရမီဖြည့်ခဲ့တယ်။ ညည်း စိတ်ချမ်းသာအောင် ညည်းရဲ့နောက်ဆုံးဆန္ဒကို ကျုပ် ဘယ်လိုဖြည့်ရပါ့မလဲ'

အညာလို အသုဘချပါတဲ့။ အညာလို။ သည်ရန်ကုန်တွင် အညာလို ဘယ်လိုလုပ်ပြီး အသုဘချရပါ့။

ဘေးနားမှ အသံဗလံများနှင့် 'အဖေလုပ်စရာရှိတာ လုပ်ကြရအောင်လေ'ဟူသော သမီး၏ အသံကိုကြားမှ အဘလှိုင်ပတ်ဝန်းကျင်ကို သတိရလာသည်။ သမက်လုပ်သူ၏ ဟောင်ဖွာဖွာနှင့် ပြောနေသံကို ကြားရ၏။ အရပ်ထဲမှ လူအနည်းငယ်နှင့် အဘလှိုင်တို့တဲလေး မသိမသာ လှုပ်ရှားစပြုလာပြီ။ အသုဘအိမ်ကိုး။ သို့သော် အသုဘအိမ်တိုင်းတွင် ကြားရလေ့ရှိသော သေသူကို တမ်းတငိုကြွေးသံတို့ကား ကင်းမဲ့နေ၏။ အေးလေ၊ သူတို့အတွက်တော့ အသုံးမကျတဲ့ လူပိုတစ်ယောက် လျော့သွားတာပေါ့။ အဘလှိုင်နှင့် မင်းသားရုပ်လေးတို့အဖို့မှာတော့ ကြီးမားသည့် ဆုံးရှုံးမှုကြီးတစ်ရပ်ပင်။

သူ့နားသို့ရောက်လာသော သမက်နှင့် လူကြီးများကို အဘလှိုင် အားကိုးစွာ ကြည့်လိုက်၏။

'ဒီမှာ ကျုပ် တစ်ခုပြောပါရစေ။ မယ်ရွှေမျှင်ရဲ့ အသုဘချဖို့အတွက် ဆိုင်းငှားပေးကြပါဗျာ။ ကျုပ်တို့အညာလိုလေ။ သူမသေခင်က တဖွဖွမှာသွားရှာလို့ပါဗျာ နော် . . . အဲဒါလေ'

'ဟာ . . . အဘိုးကြီး၊ ဘာတွေလျှောက်ပြောနေတာလဲ၊ ဘာအညာ

mgyoe.com

mgyoe.com

လိုလဲ။ ဘာဆိုင်းလဲ။ ဒီမှာက ကားတောင်မတတ်နိုင်လို့ ဒီတိုင်းထမ်းချရမှာ၊ ဟင်း ကြဲတောနဲ့နီးတာပဲ ကံကောင်းတယ်မှတ်ပါ'

သမက်လုပ်သူက ခါးခါးသီးသီး ငြင်းနေသည့်ကြားမှပင် အဘလှိုင်ဖွတ်တောင်းပန်ပြန်သည်။

'မဟုတ်ပါဘူးကွယ်၊ အဖေ သူ့ဆန္ဒလေး ဖြည့်ပေးချင်လို့ပါကွယ်၊ ဖြစ်နိုင်အောင် ကြိုးစား'

'တော်တော့ဗျာ၊ ခင်ဗျားရဲ့ ဇာတ်သံကြီးကို။ ဒါ ရန်ကုန်ဗျ၊ ထုံးစံမရှိဘူး။ ဘယ်လိုမှမဖြစ်နိုင်ဘူးဗျာ။ ဘယ်လိုမှ မလုပ်နိုင်ဘူးဗျာ။ ကဲ၊ ရှင်းပြီလား'

သမက်လုပ်သူ စကားအဆုံးတွင်တော့ အဘတစ်ယောက် ခေါင်းငိုက်စိုက်နှင့် ဘာမျှပြန်မပြောနိုင်တော့ပါ။

× × ×

'ကဲ . . . ကဲ . . . သွားကြရအောင်၊ ထမ်းမယ့်သူတွေ လာဟော့'

လူကြီးတစ်ယောက်၏ ဆော်သြသံနှင့်အတူ အသုဘရှု ပရိသတ်အနည်းငယ်နှင့် ဘွားဘွားရွှေမျှင်၏ အသုဘထမ်းစင်သည် ထွက်ခွာရန်အသင့်ဖြစ်နေပေပြီ။

'နေဦး . . . နေဦး၊ ဦးလှိုင်မမြင်ဘူး၊ ဘယ်ရောက်နေလဲ'

'ဟာ . . . အရေးထဲ အဖေကလည်း ဘယ်ရောက်သွားပါလိမ့်'

သမီးဖြစ်သူက စူစူဆောင့်ဆောင့်နှင့် ဟိုကြည့် သည်ကြည့် ကြည့်သည်။

'ဒီအဘိုးကြီးကို သိပ်ပြဿနာရှုပ်တာပဲ။ ကဲ သွားသာသွားဗျာ၊ အချိန်မရှိဘူး'ဟု သမက်က ပြောလိုက်သဖြင့် ဘွားရွှေမျှင် အသုဘထမ်းစင်သည် ဖြည်းညင်းစွာ ထွက်ခွာစပြုသည်။ လူအနည်းငယ်က နောက်မှလိုက်လျက် ငိုသံရှိုက်သံကင်းမဲ့စွာဖြင့် မဟာရန်ကုန်၏ အခြောက်သွေ့ဆုံး အသုဘအခမ်းအနားပင်တည်း။

သည်အခိုက်မှာပင်

'နေကြပါဦး၊ နေကြပါဦး၊ ကျုပ်ကို စောင့်ကြပါဦး'

အမောတကော အော်ပြောလိုက်သောအသံကြောင့် လူအားလုံး

mgyoe.com

mgyoe.com

လှည့်ကြည့်လိုက်ကြသည်။ လင်းကွင်းတစ်ချပ်ပူးချည်ထားသော ဖျိုင်းတောင်ကို လွယ်လျက် တစ်ဖက်က တုတ်တိုလေးကိုကိုင်ကာ အသုဘထမ်းစင်နောက်သို့ အပြေးလိုက်လာနေသော အဘ။

ချွေးတွေရွှဲနစ်နေသော အဘသည် သူ့ကို အံ့သြတကြီး ဝိုင်းကြည့်နေကြသော သူ့သမက်နှင့် သမီးအပါအဝင် လူအားလုံးကို ဂရုမစိုက်ပါ။ သူက ဘွားရွှေမှျင်၏ အသုဘထမ်းစင်နောက်တွင် ကပ်ကာရပ်လိုက်သည်။ ထို့နောက်တွင်ကား လွမ်းဆွတ်ကြေကွဲဖွယ်ကောင်းလှသော အညာဒေသ၏ အသုဘရှု သီချင်းသံသည် ရင်နင့်ဖွယ်ရာ ပျံ့လွင့်လာတော့သည်။

'ရွှေသုသာန်မြေကိုလေး မောင်မယ် တူမြန်းရတော့မယ်'

သံဃာတော်များရယ်က . . . ကြည်ညိုသဒ္ဓါပွားပါလို့ . . . တရားတော် . . . တရားတော် နာစို့လေး'

အဘလှိုင်၏ လှိုက်လှဲကြေကွဲဖွယ် ဆွဲဆွဲငင်ငင် ဆိုလိုက်သော သီချင်းသံနှင့်အတူ ဖျိုင်းတောင်နှင့် လင်းကွင်းတို့ကို အချက်ကျကျ တီးခတ်သံ ကလေးလေး မှန်မှန်ထွက်ပေါ်နေပေသည်။

'မယ်ရွှေမှျင်ရေ . . . ညည်းရဲ့ နောက်ဆုံးဆန္ဒကို ကျုပ် တတ်နိုင်သမျှ ဖြည့်စွမ်းနေပြီလေ။ ညည်း ကျေနပ်နိုင်ပါစေကွယ်'

ဖျိုင်းတောင်ကိုတီးခတ်ရင်း အဘက တီးတိုးရေရွတ်နေသည်။ အဘိုးအို၏ မျက်ရည်ပူများက အဆက်မပြတ်တီးခတ်နေသော တုတ်တိုလေးပေါ်သို့ ပိုးပိုးပေါက်ပေါက် ကျနေကြသည်။

လူများ၏ အံ့အားတသင့်အကြည့်များ၊ သမီးနှင့်သမက်၏ ဒေါသအကြည့်များ၊ 'ဟယ် . . . အဘိုးကြီး ရူးသွားရှာပြီထင်ပါရဲ့'၊ 'သနားစရာ' ဟူသော တီးတိုးသံများအားလုံးကို အဘမမြင်ပါ။ မကြားပါ။ တုတ်တိုလေးက ဖျိုင်းတောင်ပေါ်တွင် တဆတ်ဆတ်ခုန်ကာ လှုပ်ရှားဆဲ၊ ရုပ်သေးမင်းသားကြီး ဦးစပယ်လှိုင်၏ လှိုက်လှဲစွာသီဆိုသံက ကြေကွဲဖွယ် ထွက်ပေါ်နေမြဲပင်။

သံဃာတော်များရယ်က . . . ကြည်ညိုသဒ္ဓါပွားပါလို့ . . .

တရားတော် . . . တရားတော် . . . နာစို့လေး . . .

**(၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလ၊ သဘင်မဂ္ဂဇင်း)**

mgyoe.com

mgyoe.com

# ရေပေါ်မှာ လွှားပါလို့

မျက်နှာပေါ်မှာ အေးခနဲဖြစ်သွားကာ လန့်နိုးသည်။ ဖျတ်ခနဲ မျက်လုံး ဖွင့်လိုက်တော့ ကွပ်ပျစ်ဘေးမှာ ရေအိုးရွက်လျက်ရပ်နေသော အမေ့ကို မြင်ရသည်။

'နိုးလိုက်ရတာဟယ်၊ ထ ထ၊ ရေဆိပ်မှာ ဝါးတင်မယ့် ကားတွေ လှည်း တွေ အားကြီးပဲ။ ကြီးတော်က မြန်မြန်လာခဲ့တဲ့'

မျက်နှာပေါ်မှ ရေစက်တွေကို ပွတ်သုတ်လိုက်ပြီး ထထိုင်လိုက်သည်။ တစ်ကိုယ်လုံး တောင့်တင်းနေသည်။ ညက အိုက်အိုက်ဖြင့် ကွပ်ပျစ်ပေါ်မှာ အင်္ကျီကျွတ်နှင့် လေသလပ်ခံရင်း အိပ်ပျော်သွားခဲ့သည်။ အိပ်လို့ကောင်းလှ ပေမဲ့ မနက်ကျရင်တော့ ရိုက်ထားသလို နာကျင်တတ်သည်က မသက် သာ။ အိုး . . . ဒါပေမဲ့ ခဏပါပဲ။ ရေဆိပ်ရောက်လို့ ဝါးနှစ်စီးလောက် လှည်းပေါ်ရောက်သွားရင် သွေးပူပြီး နေသာထိုင်သာရှိသွားတာပါပဲ။

အမေပေးသော ရေလဲဘောင်းဘီကို ဖမ်းယူလိုက်ပြီး ရေဆိပ်သို့ ပြေး ဆင်းခဲ့သည်။ အား . . . အမေပြောတာ ဟုတ်ပါရဲ့။ ဝါးဝယ်လာတဲ့ လှည်းတွေ ကားတွေ မနည်းပါလား။ မြစ်ထဲမှာ တန်းစီနေတာ ဝါးဖောင် တွေပေါ်မှာလည်း ဝါးလက်ကားတွေနှင့် ဝါးဝယ်သူတွေ၊ ဈေးစကားဆို ကာ ရှုပ်ယှက်ခတ်နေပြီ။ ဖိုးထောင်တို့ကောင်တွေတောင် လှည်းတစ်စီးပေါ်

mgyoe.com

mgyoe.com
သို့ ဝါးထိုးနေကြပြီ။

'ခြူးနီရေ . . . ဒီကိုလာဟေ့'

ဖောင်ပေါ်မှ ဝါးလက်ကား ကြီးတော်က လှမ်းခေါ်သည်။ ငွေပြည့်သော လွယ်အိတ်ကြီး တကားကားလွယ်လျက် ကြီးတော်တစ်ယောက် အလုပ်ရှုပ်နေပြီ။ ဈေးတည့်ပြီးသော ဝါးစည်းတွေကို လက်ညှိုးညွှန်ရင်း

'ဟောဒီဘက်က ဝါး ငါးစည်းဟေ့ ခြူးနီ၊ ဟိုဘက်က ကားအစိမ်းပေါ် နော် မြန်မြန်တင်ပေးလိုက်၊ ကဲ လာပါရှင်၊ ဆိုင်မှာ အေးအေးဆေးဆေး ရေနွေးသောက်ရင်း စောင့်ပါ၊ ခဏပဲ မကြာပါဘူး။ ဒီကောင်က ကျွန်မတို့ ခိုင်းနေကျ၊ သိပ်မြန်တဲ့ကောင်'

ဝါးဝယ်သူကိုခေါ်ကာ ကြီးတော် ကုန်းပေါ်တက်သွားသည်။ ကဲ . . . ဝါးငါးစည်းကြီးများတောင် ရလိုက်ပြီ။ ရေလဲဘောင်းဘီလဲကာ ပုဆိုးကို ခေါင်းမှာ တင်းနေအောင် ချည်လိုက်ပြီး ရေထဲကို ဝုန်းခနဲ ခုန်ချလိုက်သည်။ ကမ်းဘက်ရေတိမ်ပိုင်းမို့ ခါးစောင်းလောက်ပဲ ရေက နက်သည်။ ဖောင်ပျစ်ထဲမှ ဝါးငါးစည်း၏ တွဲချည်ထားသော ကြိမ်ချက်တွေကို ဓားနှင့် တဒိုင်းဒိုင်း ခုတ်ဖြတ်ပစ်လိုက်ကာ ကားနားဆီသို့ တဖြည်းဖြည်း မျှောယူရသည်။ ဝါးစည်းမျှောရင်း မျက်နှာသစ်၊ ပလုပ်ကျင်းလိုက်သည်။ ဒါဆို ခြူးနီ အတော်လန်းသွားပြီ။ အလုပ်ကို ဝုန်းဒိုင်းနှင့် တစ်ရှိန်ထိုးလုပ်ချင်သော စိတ်ဖြင့် သွေးပူလာသည်။

ရေစပ်မှာ မှေးရပ်ထားသော ကားနောက်မြီးပေါ်သို့ ဝါးတစ်လုံးစီကို ပစ်၍ ပစ်၍ ထိုးတင်ရင်း အားမရသလို ပခုံးနှင့်ပစ်တိုက်ကာ ထိုးသည်။

'ဟ ဖြည်းဖြည်းလုပ်ပါဟ ခြူးနီရ၊ ဒါလောက် အလုပ်သရဲမစီးစမ်းပါနဲ့ဟ'

ဖိုးထောင်အော်သည်ကို ပြန်ပြောမည်ပြုဆဲ ကုန်းပေါ်မှ ဆိုင်ကယ်စက်သံကြောင့် ခြူးနီခေါင်း ချာခနဲလည်သွားသည်။ ဆိုင်ကယ်အနီလေးစီးလာသော ကြီးတော်၏သားကို သူ စူးစိုက်စွာကြည့်မိပြန်သည်။ အထူးသဖြင့်ကတော့ ကြီးတော်၏သား ကိုယ်ပေါ်မှာ အမြဲဝတ်ဆင်တတ်တဲ့ ဖြူရော်ရော် ဂျင်းအကျီလေးကိုပါပဲ။

ဝါးလုံးတွေမှစဉ်သော ရွှံ့စက်တို့ဖြင့် ပေကျံနေသည့် သူ့ခန္ဓာကိုယ်
mgyoe.com

mgyoe.com
မည်းမည်းကို ငုံ့ကြည့်ပြီး စိတ်ကူးထဲမှာ ဝတ်ဆင်ကြည့်ရသည်မှာလည်း အကြိမ်ကြိမ်။ ဆိုင်ထဲမှ ဝါးဝယ်သူမျှော်ကြည့်တာ မြင်တော့မှ စိတ်ကူးထဲမှ ကြယ်သီးတပ်ကြည့်နေသော ဂျင်းအကျီကို ကပျာကယာချွတ်ပစ်လိုက်ရင်း ဝါးလုံးကို ကောက်ကိုင်လိုက်ရသည်။ စိတ်အားထက်သန်လာတိုင်း၊ စိတ်အလိုမကျတိုင်း သွေးဆူတတ်မြဲ သူ့အကျင့်အတိုင်း ဘာကိုမှန်းမသိဘဲ ဒေါသဖြစ်လာသည်။ ဝါးလုံးတွေကို ကားထဲသို့ တဒိုင်းဒိုင်း ပစ်သွင်းပစ်လိုက်သည်။

'ကဲ သွားပေရော့ဟ ဝါးလုံး၊ သွားပေရော့ဟ ဂျင်းအကျီ၊ ခြုးနီတဲ့ကွ၊ သိပြီလား'

× × ×

'ဆာတယ်ဗျို့၊ အမေရေ ဆာလှပြီဗျို့'

အဝေးကြီးတည်းကပင် ကျယ်လောင်စွာအော်ရင်း တဲဘေးမှ မီးခိုးအဆွယ်လေးထဲသို့ ခြုးနီ တန်းဝင်သည်။ စားပွဲဝိုင်းပေါ်က အနားမဲ့ သံဇလုံကို ဆွဲယူပြီး ထမင်းအမောက်ကြီး ခူးထည့်သည်။ တစ်ခွက်တည်းသော ငါးနှင့် ချဉ်ပေါင်ဟင်းကို ထမင်းပေါ်မှာ အပုံကြီး ပုံသည်။

'ကိုင်း . . . လာခဲ့စမ်း၊ မီးတောက်စေ့ မယ်ကွ'

မြေကြီးပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ ကြုံးဝါးလိုက်ပြီး အားရပါးရလွေးလိုက်သည်။

'ဟဲ့ ဟဲ့ ခြုးနီရယ်၊ နင့်ဟာ ဖုတ်များဝင်နေရော့လား၊ စားပိုးနင့်လို့ သေတယ်ဆိုတာ နင့်လိုကောင်မျိုးပဲ'

အမေပြည်တွန်သည်ကို ခြုးနီ ဂရုမစိုက်နိုင်။ မနက်ကတည်းက ဘာမှ မစားရတာ။ ခုပဲ နာရီပြန်နှစ်ချက်ထိုးတော့မည်။ ထမင်းတစ်ဇလုံ ကုန်ခါနီးမှ ခေါင်းကိုမော့ပြီး နားရင်း ခါးပိုက်တဲမှ ပိုက်ဆံဆယ့်ငါးကျပ်ကို အမေ့ပေးလိုက်သည်။

'ဒီနေ့ ဝါး ငါးစည်းပဲ ထိုးခဲ့တယ် အမေ၊ ထမင်းဆာလွန်းလို့ ပြန်ပြေးလာတာ'

လက်သုတ်ပြီး ကွပ်ပျစ်ပေါ် ကျောဆန့်လိုက်သည်။ အား . . . ကောင်း

mgyoe.com

mgyoe.com
လိုက်တဲ့အရသာ။

'ဩော် . . . ဟဲ့ ခြူးနီရယ်၊ စွပ်ကျယ်လေးဘာလေး စွပ်စမ်းပါဦးဟဲ့၊ ခုပဲ ရေထဲကတက်လာတာကို'

'မဝတ်ဘူး၊ ကျုပ် ဂျင်းအင်္ကျီမရှိမချင်း မဝတ်ဘူး၊ ဂျင်းအင်္ကျီရမှပဲ အင်္ကျီဝတ်တော့မယ် အမေရေ'

အမေက မျက်နှာကို ရှုံ့မဲ့ရင်း

'နင် ဟိုတစ်ခါပြတဲ့ ကြီးတော်သားဟာ မျိုးလား၊ မကြိုက်ပေါင်၊ ဖြူရော်ရော်နဲ့'

'အို: . . . အမေ ဘာနားလည်လဲ၊ အဲ့လို ဖြူရော်ရော်ကမှ ကောင်းတာတဲ့ဗျ သိလား၊ တော်ပါတော့ဗျာ၊ ပြောမနေပါနဲ့တော့ ကျုပ်ရှာသမျှတွေလည်း အမေက ဘယ်တော့မှ မစုဘူး၊ အမေ့သမီးတွေပဲ လျှောက်ပေးပစ်နေသလား၊ သူတို့လင်တွေ မားမားကြီးတွေက ဘယ်ရောက်နေလို့လဲ၊ ဒီအတိုင်းသာဆိုရင် နောင်ဘဝတောင် ကျုပ် ဝတ်ရမှာမဟုတ်ဘူး'

ဝမ်းနည်းပက်လက်ပြောနေသော ခြူးနီကို အမေက သနားသွားဟန်နှင့်

'ဩော် . . . ငါ့သားရယ်၊ ကိုယ့်သားအငယ်ဆုံးလေးပဲ၊ အမေလည်း ဆင်ချင်တာပေါ့၊ ဒီတစ်ခါ ငါ့သားအလုပ်လှိုင်တဲ့အချိန် အမေ စုဝယ်ပေးမယ်၊ အဲဒီဟာက ဘယ်လောက်တဲ့လဲ'

'ကျုပ်ကြိုက်တဲ့ ဖြူရော်ရော်ဆို လေးရာတောင်တဲ့ဗျ'

'ဘာ လေးရာ၊ အမယ်လေး ခြူးနီရယ်၊ နင် ရူးများနေသလား'

× × ×

ဖျားသလိုလို၊ မဖျားသလိုလိုနှင့် အိပ်ရာထဲမှာ ခွေနေရသည်ကို ခြူးနီ စိတ်မရှည်နိုင်အောင် ဖြစ်နေမိသည်။ ခြေသလုံးမှ ဝါးရှထားသောဒဏ်ရာကို ဒေါသဖြစ်လာသည်။ အင်း . . . ငါကလည်း ငါပါပဲလေ။ ဒီဒေါသတွေကြောင့်ပဲ ဝါးရှခံရတာ၊ 'အလုပ်လောမကြီးနဲ့၊ စိတ်မတိုနဲ့၊ စိတ်မမြန်နဲ့' လို့ အမေ ခဏခဏ ပြောပေမဲ့လဲ ငါ့စိတ်ကို ပြင်လို့မရတာခက်တာ။ ဝါးရှတဲ့ နေ့ကလည်း ပိုက်ဆံလိုချင်ဇောနဲ့ လောဘကြီးပြီးဖြစ်တာ။

mgyoe.com

m g

လေနီကြမ်းတိုက်သော တစ်ညနေက ဦးအောင်မောင်းတို့ သစ်ဖောင်ဖျက်ပြီး အသားတွေ မျောကုန်သည်ကို တစ်ချောင်းတစ်ကျပ်နှင့် လိုက်ဆယ်ပေးရင်း အသားတစ်ချောင်းကိုထမ်းပြီး ကုန်းပေါ်ပြေးအတက် ဖောင်နှင့်ကမ်းစပ်အကြား ခြေချော်ကျကာ ကွဲနေသောဝါးနှင့် ခြူးနီခြေသလုံး မိတ်ဆက်မိကြသည်။ တစ်လက်မလောက် ကွဲသွားတာကိုပင် ခြူးနီ စိတ်မဝင်စားအားဘဲ အလုပ်လုပ်ချင်ဇောနှင့် နီးရာအိမ်က ဆားတစ်ဆုပ်ယူပြီး အဝတ်စည်းထားပစ်လိုက်သည်။ နောက်နေ့ကျ အလုပ်မဆင်းနိုင်တော့။ သည်နေ့နဲ့ဆို သုံးရက်ရှိပြီ။ အလုပ်လှိုင်သည့်အချိန်မှာမှ ဖြစ်ရသည်။ ပြောရင်းဆိုရင်း ကျော့ထဲက စိမ့်သလိုလို ဖြစ်လာပြန်သည်။ ခြူးနီ စိတ်တိုလာပြန်သည်။ ဖြစ်သေးပါဘူး။ ဒါလောက်ရှိတာ ဓာတ်ကြမ်းကုပစ်လိုက်မှဖြစ်မှာ၊ ဆိပ်ကမ်းသွားမယ်။ ဒေါ်မှဲ့ကြီးရှောက်သီးသုပ် ဝယ်စားပြီး ရေချိုးပစ်လိုက်မယ်၊ အေးရော။

အမေ့အလစ်ကိုကြည့်ပြီး ရေဆိပ်ဘက်သို့ ထွက်လာခဲ့သည်။ ရေဆိပ်မှာတော့ ထုံးစံအတိုင်း လူတွေ တအုန်းအုန်းနှင့် စည်ကားနေပြီ။ အသုပ်သည် ဒေါ်မှဲ့ကြီးကို မျက်လုံးဝေ့ကြည့်ရင်း ကမ်းစပ်တစ်နေရာမှာ လူဝိုင်းအုံနေသည်ကို ခြူးနီ စိတ်ဝင်စားသွားသည်။ ဘာဖြစ်တာလဲ၊ ရေစပ်ဆိုတော့ တစ်ကောင်ကောင်တော့ ဝါးထိုးရင်း တစ်ခုခုခိုက်မိနေပြီ ထင်ရဲ့။ ဖိုးထောင်များလား။

အနားသို့ ခြူးနီရောက်သွားလျှင် လူစုစုထဲမှ 'ဟိုမှာ ခြူးနီလာပြီ'ဟု အော်ပြောသံကြားရသည်။ ဘာပါလိမ့်။ လူအုပ်ထဲမှ ဖိုးထောင်ထွက်လာသည်။

'ဟေ့ကောင်ခြူးနီ မင်းကို မျှော်နေတာကွ၊ လာစမ်း ဒီမှာ အလုပ်ရှိတယ်'

'ဘာအလုပ်လဲ'

လူကြားထဲသို့ ခြူးနီ တိုးဝင်လိုက်သည်။ လူစုစုအလယ်တွင် သပ်ရပ်သားနားသော မျက်နှာစိမ်း လူသုံးယောက်။ ဖိုးထောင်က မျက်စပစ်ပြပြီး

'ဟေ့ကောင် မနှစ်တုန်းက မြစ်လယ်မှာမြုပ်သွားတဲ့ မြနိုလာ မော်တော်ပိုင်ရှင်တွေတဲ့ကွ၊ အဲဒါ မော်တော်အင်ဂျင် ဖြုတ်ယူချင်လို့တဲ့၊ ရေငုပ်

mgyoe.com

mgyoe.com


မယ့်သူ လိုက်ရှာနေတာတွ'

မနှစ်တုန်းက မြုပ်သွားသည့် သစ်မော်တော် 'မြနီလာ'ကို ခြူးနီ ကောင်းကောင်းသိသည်ပေါ့။ မော်တော်ကြီးကို အမျိုးမျိုးဖော်ကြသော်လည်း မရပေ။ ခုတော့ မရသည့်အဆုံး အင်ဂျင်ဖြုတ်ယူကြမှာပေါ့လေ။ မျက်နှာစိမ်း လူသုံးယောက်က ခြူးနီကို စိုက်ကြည့်နေကြသည်။ ခြူးနီ၏ အလုပ်လုပ်ချင်နေသော ဇွတ်တရွတ် နိုင်သောစိတ်တို့က ဆူဝေလာသည်။ ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည်။

'ကဲ . . . ငုပ်မယ်ဗျာ၊ ဘယ်တော့လဲ၊ ခုလား'

မျက်မှန်နှင့် လူက ခြူးနီနား တိုးကပ်လာရင်း . . .

'အေး . . . ဖြစ်နိုင်ရင်လည်း ခုပေါ့ကွ၊ မင်းကိုလည်း တန်ရာတန်ဖိုး ပေးမှာပါ၊ ရအောင်သာ ငုပ်ပေး ဟုတ်လား'

'ခင်ဗျားက ဘယ်လောက်ပေးမှာလဲ'

ထိုသူက ပြုံးစစနှင့် . . .

'မင်း ဘယ်လောက်လိုချင်လဲ'

ခြူးနီ တွေခနဲ ဖြစ်သွားသည်။ ဝက်အူတွေ ဖြုတ်လိုက်။ ကုန်းပေါ် ပြန်တက်နားလိုက်နဲ့ ဖြုတ်လိုက်ရင် ခဏပဲ ဥစ္စာ။ ငါအပျော်ငုပ်ပြီး ရေကူး သလောက်ရှိမှာပါ။ နှစ်ရာလောက်တော့ တောင်းလိုက်ရင်တော့၊ ဒါမှ မဟုတ် ဒါမှမဟုတ်၊ စောစောထဲက မြင်ထားသော မျက်မှန်နှင့်လူ ပိုက်ထားသည့် ဂျင်းအင်္ကျီဖြူရော်ရော်လေးကို ရင်ခုန်စွာ ကြည့်လိုက်မိသည်။

လေးရာတန်၊ ငါးရာတန်ကြီးကို သူက ပေးချင်ပေါ့မလား။ အို ဘာပဲ ဖြစ်ဖြစ်ပေါ့။ ခြူးနီက ပူလောင်ခြောက်သွေ့နေသော နှုတ်ခမ်းတွေကို လျှာ ဖြ[illegible]ခမ်းသ[illegible]လိုက်ပြီး မျက်မှန်နှင့်လူကို . . .

'ကဲ . . . ခင်ဗျားလက်ထဲက ဂျင်းအင်္ကျီပေးမလား'

ရုတ်တရက် ထိုလူက တဟားဟား ရယ်မောလိုက်သဖြင့် ခြူးနီ ကြောင်သွားရသည်။ ထိုလူက ရယ်လို့ အားရတော့မှ . . .

'အောင်မယ်လေး ကောင်လေးရာ၊ မင်း ဒီအင်္ကျီတင် မကဘူး၊ အင်ဂျင် က ဝက်အူလေးလုံး ဖြုတ်ခအတွက် ငွေလေးရာ၊ အင်ဂျင်အပေါ်ရောက်ဖို့ ထိ ငွေခြောက်ရာ ပေါင်းတစ်ထောင်ပေးမယ်၊ ရအောင်ငုပ်စမ်း ကိုယ့်လူ၊

mgyoe.com

mgyoe.com

ရော့ . . . ခု ယူထား အင်္ကျီကို'

ငွေတစ်ထောင်။ ခြူးနီ မမျှော်လင့်သည့်စကားတွေ။ အင်္ကျီလှမ်းပေးနေသော လူကို မယုံသလိုကြည့်ရင်း အင်္ကျီကို ဆတ်ခနဲ ဆွဲယူပစ်လိုက်သည်။ ရပြီကွ၊ ငါ အလွန်ဝတ်ချင်တဲ့ ဂျင်းအင်္ကျီ။ ခြူးနီတို့ ကံထချင်တော့များ မယုံနိုင်စရာပါလား။ ဘေးမှ ဝိုင်းကြည့်နေသူများက တစ်ယောက်တစ်ပေါက် ဆူညံလာပြန်သည်။ 'ဟာ . . . ဒီလိုမှန်းသိ ငုပ်တာပေါ့ကွ'၊ တစ်ထောင်ကြီးများတောင် ဆိုသည့်အသံတွေ ထွက်လာရာသို့ ခြူးနီ မိုက်ကြည့်ကြည့်ပစ်လိုက်သည်။ ဂျင်းအင်္ကျီကို တင်းကျပ်စွာ ဆုပ်ထားရင်း . . .

'ကဲ . . . ဖြုတ်ရမယ့်ဟာလေးတွေ ပေးဗျာ၊ ကျုပ် ဆင်းတော့မယ်'

မျက်မှန်နှင့်လူက ဖြုတ်ရမည့် ခွနှစ်ချောင်းကို ပေးသည်။

'ရော့ . . . လိုလိုမည်မည် နှစ်ချောင်းယူသွားပေါ့၊ ဘယ်ဟာနဲ့ ဖြုတ်ဖြုတ် ရတယ်၊ နောက်ပြီး မင်း ဒီလိုလုပ်၊ ဝက်အူတစ်လုံး ဖြုတ်ပြီး တစ်ခါပြန်တက်ခဲ့'

'အို . . . တက်ရမှာပေါ့ဗျ၊ မတက်လို့ ရေထဲမှာ အင်ဂျင်ကြီးကို ဖြုတ်ပြီးတဲ့ထိ ဘယ်ကောင် နေနိုင်မှာတုံး'

ကိုယ်ပေါ်မှာ ဝတ်ထားသော ဖျင်ပင်နီအင်္ကျီကို ချွတ်ပစ်လိုက်သည်။ လာခဲ့ကွာ။ ဓာတ်ကြမ်း ကုချင်တာနဲ့တော့ အံကျပေါ့။

'ဟဲ့ . . . ခြူးနီ ခြူးနီ . . .၊ အနာကြီးနဲ့ နင် ဘာတွေလျှောက်လုပ်နေတာလဲ ဟင် . . . ခွေးတိရစ္ဆာန်ရဲ့'

လူကြားထဲသို့ အမေ တိုးဝင်လာသည်။ ဩော် . . . တော်တော်ခက်တဲ့ အမေ။

'အမေ ဘာမှ မသိဘဲနဲ့ လျှောက်ပြောမနေနဲ့။ ကျုပ် နေကောင်းတယ် ဘာမှမဖြစ်ဘူး၊ ဒီမှာ မြင်လား၊ ကျုပ်သိပ်ဝတ်ချင်နေတဲ့အင်္ကျီ၊ နောက်ပြီး ငွေတစ်ထောင်ရမှာ သိလား၊ တစ်ထောင်။ ရော့ . . . ကျုပ်အင်္ကျီယူထား'

ခြူးနီ လှမ်းပေးသည်ကို အမေက ယောင်နနနှင့်ဖမ်းရင်း ငြိမ်ကျသွားသည်။ ဖိုးထောင်က လက်ထဲမှာ ကြိုးတစ်ချောင်း ကိုင်ရင်း . . .

'ဟေ့ကောင် . . . ကြိုးချည်ပြီး ဆင်းပါလားကွ'

'အို . . . ဝက်အူဖြုတ်တာလောက်ကတော့ မလိုပါဘူးကွ။ အင်ဂျင်

mgyoe.com

mgyoe.com

ဖြုတ်မှ ချည်မယ်၊ ဆင်းမယ်ဟေ့'

ပြောပြောဆိုဆိုနှင့် ခြူးနီ ရေထဲသို့ ဝုန်းခနဲ ခုန်ဆင်းပစ်လိုက်သည်။

× × ×

'ဟော . . . ပေါ်လာပြီ ပေါ်လာပြီ'

လူတွေအားလုံး ဝိုင်းအော်လိုက်ကြသည်။ ဝက်အူတစ်လုံးနှင့် ခွကိုကိုင်ရင်း ခြူးနီ ပေါ်လာကာ ကမ်းဆီသို့ ကူးလာသည်။ မျက်မှန်နှင့်လူ မျက်နှာက ဝင်းလက်သွားကာ ခြူးနီလက်ထဲမှ ဝက်အူကို ဖင်ပြန်ခေါင်းပြန် ကြည့်ရင်း . . .

'တော်လှချည့်လားကွ ငါ့ညီရ၊ ဒါဆို မင်း ဘာမှ ကြာမှာမဟုတ်ဘူး၊ ကဲ . . . မင်းငုပ် တာ အားရှိအောင် ဝက်အူတစ်လုံးအတွက် ရော့ ငွေတစ်ရာ ယူထား'

ရာတန်ကို လှမ်းယူသော အမေ့လက်တွေက တုန်ယင်နေသည်။ သဲပြင်ပေါ်မှာ ပက်လက်လှန်ကာ အသက်ပြင်းပြင်းရှူနေရင်းမှ အမေ့မျက်နှာ ကြည်လင်နေသည်ကို ကြည့်ပြီး ခြူးနီ ပျော်လာသည်။ မောနေသမျှတွေ ပြေကာ အားသစ်တွေ လောင်းလိုက်သလိုပင် ခံစားရသည်။

သဲပြင်ပေါ်မှ ဝုန်းခနဲ ထလိုက်သည်။ အားလုံးပြီးရင် နောက်ထပ် ရာတန် ကိုးရွက်ကြီးများတောင် ရဦးမှာ။ ကမ်းဆီသို့ ပြေးဆင်းလိုက်ပြန် သည်။

ခဏအကြာ ဒုတိယအကြိမ် ခြူးနီပေါ်လာပြန်သည်။ ဖိုးထောင် အော်သံက ဟေးခနဲ ထွက်ပေါ်လာသည်။

ဒုတိယ ရာတန်က အမေ့လက်ထဲမှာ တလွင့်လွင့်။

သဲပြင်ပေါ်မှာ ဒုတိယအကြိမ် ခြူးနီ ပက်လက်လှန်လိုက်ပြန်သည်။ သည်အကြိမ်မှာ အတော်တော့ မောသား၊ မလှုပ်ချင်တော့သလို ဖြစ်နေမိ ပေမဲ့ အမေ့လက်ထဲက ဂျင်းအင်္ကျီလေးကိုမြင်ရတော့ ဘယ်က အင်အားတွေ ရောက်လာမှန်းမသိ။ နေနှင့်ဦး ကိုရွှေဂျင်းရေ့၊ ညကျရင် ဝတ်ကို အိပ်ပစ် လိုက်ဦးမယ်။

× × ×

mgyoe.com

mgyoe.com

ရေစပ်သို့ တတိယအကြိမ်မြောက် ပြေးဆင်းခဲ့ပြန်သည်။ ရေစပ်မှ သဲထဲသို့ ခြေအမြုပ်မှာ ခြေသလုံးမှ စစ်ခနဲနာသွားသည်။ ကျောထဲကလည်း စိမ့်ခနဲ၊ တယ်လေ ငါ . . .၊ ဒီအနာတော့လား ဒေါသဖြစ်လာသောကြောင့် မျက်လုံးတွေတောင် ပူချင်လာသည်။ အို . . . ဘာရမလဲ။ ဒီလောက်လေးကိုများ မှုနေရရင် ခြူးနီတို့ ရာဇဝင်ရိုင်းရော့မယ်။ လာခဲ့။ ရေထဲသို့ ဝုန်းခနဲခုန်ဆင်းကာ စွပ်ခနဲ ငုပ်ချလိုက်သည်။

ခဏအကြာ တတိယအကြိမ်မြောက် ပေါ်လာမည့် ခြူးနီကို အားလုံးက မျှော်လင့်နေကြသည်။

'လာတော့မယ် ဒေါ်ကြီးရေ့၊ နောက်ထပ် တစ်ရှက်ယူဖို့ ပြင်ထားဗျို့'

ဖိုးထောင် ထအော်သည်ကို 'သေနာလေး'ဟု ဆဲပြီး အမေက ပြုံးနေသည်။

ခဏ။ တစ်ခဏ။ တစ်ခဏ။

မျက်မှန်နှင့်လူက နာရီကြည့်ရင်း မျက်နှာပျက်စပြုသည်။

'ဒီကောင်ပေါ်လာမှာပါ၊ တစ်ခုခုကြောင့် နည်းနည်းကြာနေတာပါ၊ ခဏလေးနေရင် ဒီကောင်ပေါ်လာမှာ'ဟု ပြောရင်း ဖိုးထောင်မျက်လုံးတွေက ရေပြင်ဆီသို့ စူးစိုက်ကြည့်သည်။ အားလုံးက ခေါင်းညိတ်ရင်း ဖိုးထောင်ကြည့်ရာ ရေပြင်ကို လိုက်ကြည့်ကြသည်။

ဖိုးထောင်ပြောသည့် ခဏလေးက လျင်မြန်စွာ ကုန်ဆုံးသွားပြန်ပြီ။ 'ခဏလေးနေရင်ပေါ်မှာ ဒေါ်ကြီး မပူပါနဲ့ဒေါ်ကြီး'ဟု တတွတ်တွတ်ပြောနေသော ဖိုးထောင် အသံတွေက တုန်ယင်စပြုပြီ။

တစ်ခဏ။

တစ်ခဏ။

တစ်ခဏပေါင်းများစွာက ကုန်ဆုံးသွားခဲ့ပြီ။

မှိန်ဖျော့သွားသော နေအလင်းရောင်ကို ထိတ်လန့်တကြား ကြည့်လိုက်မိကြဆဲ။ ရုတ်တရက် ဖိုးထောင်၏ တက်ခေါက်သံနှင့်အတူ . . .

'ခြူးနီ ပေါ်မလာတော့ဘူး'

ရေပြင်ဆီသို့ မမှိတ်မသုန် စူးစိုက်နေသော အမေ့ခေါင်းက ချာခနဲလှည့်ကာ ဖိုးထောင် . . . ဟု အသံကုန်အော်လိုက်ပြီး ရေစပ်ဆီသို့ အမေ

mgyoe.com

mgyoe.com
တအားပြေးလေသည်။


'ခြူးနီ . . . ခြူးနီ လူမိုက်ကြီးရေ . . . လူကြမ်းကြီးရေ . . . ဟောဒီမှာ ဝတ်ချင်လှချည်ရဲ့ဆိုတဲ့ အင်္ကျီလေ၊ ရော့ ရော့ ဝတ်လေ သားရဲ့'

အမေ လွှဲမြှောက်ပစ်လိုက်သော ဖြူရော်ရော် ဂျင်းအင်္ကျီလေးကား ဝဲလည်နေသော ရေဂယက်ထဲမှာ ချာချာလည်လျက်။

(၁၉၈၅ ခုနှစ်၊ မတ်လ၊ ဒဂုန်မဂ္ဂဇင်း)

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ဇမ္ဗူတစ်ဝှမ်းမှာ လျှုဒါန်းမယ့်သူတွေ

အိပ်ပျက်မျက်လုံးအစုံက ကျိန်းစပ်နေသည်။ မျက်တောင်တွေ တဖျပ်ဖျပ်ခတ်ပြီး အိပ်ချင်စိတ်ကို ကြိုးစားဖြေဖျောက်ရသည်။ အလှူမဏ္ဍပ်ထောင့်တွင် ဆိုင်ပစ္စည်းတွေ နေရာချနေသည်ကိုကြည့်ပြီး စိတ်မရှည်အောင်ဖြစ်နေမိသည်။ မပြီးတော့ဘူးလား မသိ။ ဆောင်းညမို့ ခဏဆို မှောင်တော့မည်။ ဆိုင်းနေရာချပြီးလျှင် ဆိုင်းနောက်က ကိုယ့်နေရာထောင့်လေးထဲမှာ ခဏလေးဖြစ်ဖြစ် စမ်းအေး နားလိုက်ချင်သည်။ သည်အလှူကိုအချိန်မီအောင် တရကြမ်းမောင်းလာသော ကားထဲတွင် ဘုရားတ၍ လိုက်ခဲ့ရသည်။ ညက အိပ်ပျက်ခဲ့သည်ကို ကားထဲမှာ တစ်စက်လေးမှ မမှေးလိုက်ရ။ ရေချိုးလိုက်လျှင်တော့ လန်းဆန်းသွားနိုင်ပေမယ့် ဆောင်းညနေမှာ ရေချိုးလိုက်လို့ အအေးမိပြီး အသံဝင်သွားမှဖြင့် ဒုက္ခ။

မဏ္ဍပ်ကြီးဘေးမှ ထမင်းရုံထဲမှာ ရှင်လောင်းလှည့်ရာမှ ပြန်လာသည့်လူတွေ။ ရွာထဲမှလူတွေ တရုန်းရုန်း ဆူညံစွာ ထမင်းစားနေကြသည်ကိုငေးကြည့်ရင်း ထမင်းဆာလာသည်။ ဝက်သားနှင့် ဘူးသီးသပြန်ဟင်း၊ သရက်ချဉ်သုပ်၊ ငရုတ်သီးကြော် စသည့် အလှူ ညကျွေးဟင်းကို စမ်းအေးကြိုက်သလို ကြိုက်တတ်သော အဘိုးကို အောက်မေ့မိပြန်သည်။ အဘိုး

mgyoe.com

mgyoe.com

နေမှကောင်းရဲ့လား။ အိမ်ဆားက မလုကွန့်သားတွေနဲ့မျှား ရောနှောဆော့ကစားလို့ နေလေမလား။ အိမ်ကထွက်လာသည့် စမ်းအေး၊ အိမ်ကထွက်လာသည်မှာ တစ်ပတ်ကျော်နေပြီ။ ဆိုင်း ပွဲဆက်တွေက တစ်နေရာနှင့် တစ်နေရာ ဝေးလှသဖြင့် စမ်းအေး အိမ်မပြန်နိုင်။ သည်ပွဲပြီးလျှင်တော့ ပွဲကူးမရှိတော့။ သည်နေ့ည ညေ့်ခံတီး။ မနက်ညေ့်ခံနှင့် ဘိသိက်သွန်းတာ တီးပြီးလျှင်တော့ အိမ်ပြန်ရတော့မည်။

'အစ်မစမ်းအေး လာတော့၊ ထိုင်လို့ရပြီ'

ဆိုင်းထဲမှာ မောင်းထုသည့် မောင်ပြုံးလေးက စာနာစွာ လှမ်းခေါ်လိုက်လို့သာ တော်တော့သည်။ မီးစက်နှိုးသံ တထုန်းထုန်းနှင့် လင်းပွင့်လာသော မီးရောင်တွေအောက်သို့ တဟေးဟေးအော်ရင်း ပြေးဝင်လာကြသော ကာလသားတွေက မဏ္ဍပ်လယ်ခေါင်တွင် တစ်ယောက်တည်း အငူသား ထိုင်နေသော ဆိုင်းအဆိုတော်မကို ဝိုင်းကြည့်နေကြပြီ။

ဆိုင်းနောက်ကို ကပျာကယာဝင်ခဲ့ပြီး အိတ်ကို ဘုတ်ခနဲ ပစ်ချကာ မဏ္ဍပ်နံရံကို အားရပါးရ မှီချလိုက်သည်။ သင်ဖြူးအောက်က ဖုထစ်နေသည့်မြေကြီးပေါ်ကို ထိုင်မိသည့်တိုင် နေရာမရွှေ့ချင်တော့။ ခဏ မှေးလိုက်ရမှ နေသာထိုင်သာရှိသွားမှာ။ ဆိုင်းပွဲလာ ပရိသတ်၏ အသံ၊ ပတ်စာကပ်နေသောအသံ၊ ရွာစား၏ စီမံခန့်ခွဲနေသော အသံတို့ကို အိပ်ချင်မူးရီနှင့် မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေရာက ချွဲနွဲ့သော နဲ့စမ်းသံကိုကြားလျှင်တော့ ရုတ်တရက် အိပ်ချင်ပြေကာ မဟုတ်မှန်းသိလျက်နှင့် အဖေလားလို့ မျက်လုံးတွေဖွင့်ကြည့်မိပြန်သည်။ လွန်ခဲ့သည့်ရှစ်နှစ်က ဆိုင်းကားမှောက်သည့်ထဲမှာ အဖေ ပါသွားခဲ့ပြီ။ စမ်းအေးတို့ မြေးအဘိုးကို ထာဝရခွဲသွားခဲ့ပြီဆိုတာကို သတိရလိုက်မိပြန်တော့လည်း ဝမ်းနည်းပက်လက်ဖြစ်ကာ ဘယ်မှာရောက်နေမှန်း မသိသည့်အမေ့ကို တမ်းတချင်လာသည်။ ကျလုဆဲဆဲမျက်ရည်ကို တထိထိနှင့် ဆူညံသောပတ်မသံကြောင့် သတိတရ ထိန်းလိုက်နိုင်သည်။ ဆိုင်းစတော့မည်။

'စမ်းအေး ပြင်တော့လေ၊ ညည်းက ထမင်းနောက်မှစားမှာ မဟုတ်လား'

ရွာစားကို ခေါင်းညိတ်ပြပြီး အိတ်ကို ဖွင့်သည်။ ဆာလောင်ခြင်းကို

mgyoe.com

mgyoe.com
ခဏတော့ မေ့ထားရဦးမည်။ အသံတစ်ခုခုဖြစ်မှာကြောက်ပြီး ကိုယ့်အလှည့်အဆိုတွေ မပြီးမချင်း စမ်းအေး ဘယ်တော့မှ ထမင်းမစား။ ဆူညံသောဆိုင်းသံကို သာယာဝေစည်စွာ လွှမ်းအောင် ဆိုနိုင်ဖို့အတွက် အသံကို တယုတယမွေးနိုင်ပါမှ။

ကြားနေကျ ဆိုင်းအဖွင့်တီးလုံး၊ သာယာစွာတီးသံကို ကြားလျှင်တော့ ရင်ထဲတွင် ပျော်ရွှင်လာပြန်သည်။ တေးသီချင်းသော စမ်းအေးနှုတ်ခမ်းလေးတွေ တရွရွ ဖြစ်လာပြန်သည်။ မှန်ဝိုင်းလေးထဲမှ မျက်နှာပေါ်သို့ မိတ်ကပ်ရဲရဲကို သွက်လက်စွာ လိမ်းခြယ်မိသည်။ မျက်ခုံးမွေး သေးသေး တင်မိသည်။

'ဟဲ့ စမ်းအေးရဲ့၊ ဒီခေတ်ကြီးမှာ ညည်းက လိုင်နာမသုံးနိုင်သေးဘူးလား'

မျက်ရစ်ပေါ်သို့ မျက်ခုံးမွေးဆွဲတံ အနက်နှင့် အထပ်ထပ်ဆွဲနေရာက ရွှာစားအသံကြောင့် တုံ့ခနဲဖြစ်သွားသည်။

'ဆိုင်းနာမည်ရချင်ရင် ဆိုင်းတီးကောင်းရုံနဲ့ မပြီးဘူးဟေ့၊ ဆိုင်း အဆိုတော်ကလည်း လှမှ အသံကောင်းမှ။ သူများတန်းတူ ပြင်စမ်း ဆင်စမ်းပါအေ၊ ကိုယ့် ထမင်းကျွေးနေတဲ့ အလုပ်အတွက်ပဲ နှမြောမနေစမ်းပါနဲ့၊ ကြားလား စမ်းအေး'

ရွှာစားပြောတာတွေကို စမ်းအေးနားလည်ပါသည်။ မျက်ခုံးမွေးဆွဲတံထက် လိုင်နာဆွဲတာက ပိုလှမှန်း၊ အဲဒီလိုင်နာဆိုးတဲ့ မျက်ရစ်လေးပေါ်မှာ မည်းနက်ကော့ပျံနေတဲ့ မျက်တောင်တုလေးကိုတပ်ရင် ပိုလို့တောင် လှသွားမှန်း စမ်းအေး သိသားပေါ့။ ထိပ်တန်း ဆိုင်းကြီးတွေမှာ ညမီးရောင်နဲ့အတူ လှပတောက်ပြောင်နေတဲ့ အဆိုတော်မလေးတွေကို စမ်းအေးလည်း အားကျတာပေါ့။ ဒါပေမဲ့ ညကြေးတွေ အများကြီးရတဲ့၊ ကိုယ်ကြိုက်သလိုသုံးနိုင်ဖြုန်းနိုင်တဲ့၊ ဆုတော်ငွေခေါင်းပေါင်းစတွေ ပလူပျံနေတဲ့ သူတို့တွေနဲ့ တစ်ပွဲကို သုံးဆယ်ပဲရတဲ့ ကျောထောက်နောက်ခံမရှိတဲ့ မြေးအဘိုးနှစ်ယောက်ရဲ့ ဘဝကို တာဝန်ယူဖြေရှင်းနေရတဲ့ စမ်းအေးနဲ့က မတူနိုင်ဘူးလေ။

'ဩော် . . . စမ်းအေး၊ ညည်း ညကျရင် အလှူအိမ်ပေါ်သွားအိပ်၊ ငါ ပြောထားတယ်၊ ဆိုင်းထဲမအိပ်နဲ့နော်'

ဝိုင်းထဲသို့ ဝင်မည်ပြုရင်း ရွှာစား လှမ်းပြောသည်ကို အင်တင်တင်
mgyoe.com

mgyoe.com

ခေါင်းညိတ်မိသည်။ ယောကျ်ားတွေကြားထဲမှာ တစ်ယောက်တည်းသော မိန်းကလေးအတွက်က အမြဲတမ်းပြဿနာ။ ရှာစားကိုကြောက်လို့သာ အလျှံအိမ်ပေါ်မှာ စမ်းအေး မအိပ်ချင်။ ဧည့်သည် အပြည့်ရှိနေသော အလျှံ အိမ်ပေါ်တွင် မတတ်သာလို့ပေးထားသော နေရာကျဉ်းကျဉ်းလေး၌ ကိုယ် မသိသောလူတွေကြားမှာ စမ်းအေး အိပ်မပျော်တတ်။ ဟိုအလျှံတစ်ခုတုန်း ကများ အိမ်မကြီးပေါ်မှာ နေရာပြည့်ကျပ်နေပြီး စမ်းအေးအတွက် နေရာ မရဖြစ်ကာ ဟင်းနံ့တွေမွှန်နေသော မီးဖိုခန်းတစ်နေရာမှာ စမ်းအေးကို သိပ်သည်။ အနံ့မသေသေးသော ငရုတ်သီးကြော်အိုးကြီးဘေးမှာ ကြိတ် မှိတ်ပြီး ဖြစ်အောင်အိပ်ခဲ့ရသည်။ ခုကော စိမ်းအေးဘယ်နေရာမှာများ အိပ် ရမှာပါလိမ့်။ အိပ်ပျက်နေသည့် သည်လိုညမျိုးတွင် မြို့စွန်တစ်နေရာက သက်ကယ်အိမ်လေးထဲက အခန်းလေးထဲမှာ စိတ်ချလုံခြုံစွာ အိပ်ပစ်လိုက် စမ်းချင်သည်။ အဘိုး တဖွဖွပြောခဲ့သလို အဘိုးနဲ့တူခဲ့ရင် စက်ချုပ်သမား၊ အဘိုးရဲ့မြေးပီသခဲ့ရင် ဒီလိုအဖြစ်တွေကို ရင်ဆိုင်စရာမလိုဘူးပေါ့။ ဒါပေမဲ့ နဲ့ဆရာ အဖေ့ဝါသနာမျိုးစေ့တွယ်ခဲ့တဲ့ စမ်းအေး ဖြစ်ခဲ့လေတော့လည်း ဒီလိုပဲပေါ့။

သက်ပြင်းကိုရှိုက်လိုက်ရင်း နှုတ်ခမ်းနီကို တစ်ခါထပ်ဆိုးလိုက်ပြန် သည်။ အထပ်ထပ်ဆိုးသော်လည်း နှုန်းပြောင်လက်မလာသည့် နှုတ်ခမ်း ကို မကျေမနပ်ကြည့်ပြီး သုံးကျပ်ခွဲတန်နှုတ်ခမ်းနီဘူးကို ဆောင့်ချလိုက်စဉ် မှာပင် ဆိုင်းနောက်ထ ကိုညိုကြီးအသံက ရှုးရှုးရှရှ ပေါ်လာသည်။

'လေပါတီမပြရင်ရဲ့ ဦးသဝန်ကြောင်ကို ဆိုပြပေးပါ၊ အဆိုတော်မလေး မစမ်းအေးအတွက် ဆုတော်ငွေ တစ်ဆယ်တဲ့'

× × ×

'ရွှေအိုးစည် လွယ်သလေလေ့ လွယ်သလေလေ . . . စိန်အိုးစည် လွယ်သလေ့လေ . . . လွယ်သလေလေ'

အိမ်နားမရောင်ခင်ကပင် ကလေးတွေ၏ ဆူညံသော လက်ခုပ်သံနှင့် သီချင်းဆိုသံတွေကို ကြားလိုက်ရသည်။ အိမ်ထဲကို ကမန်းကတန်း ပြေး ဝင်သွားတော့ အဘိုးရယ် ကလေးဗုံလေးကို အားရပါးရ တီးနေလိုက်သည်

mgyoe.com

mgyoe.com

မှာ ချွေးတွေရွှဲလို့။

'အဘိုး၊ အဘိုး . . . စမ်းအေး ပြန်လာပြီလေ၊ ပေးစမ်းပါ ဗုံကြီးကို'

လက်ထဲမှ ဗုံကိုဆွဲယူကာ အဘိုးလက်မောင်းကို ဆုပ်ကိုင်လှုပ်ခါလိုက်မှ အဘိုးက ဝမ်းသာအားရအော်သည်။

'စမ်းအေးမ ပြန်လာပြီ၊ သမီးလာပြီ။ အဘိုးက ငါ့မြေးကိုစောင့်ရင်းနဲ့ ဒီကောင်တွေကို ဗုံတီးသင်ပေးနေတာကွ'

ခုလိုဆိုပြန်တော့လည်း အဘိုးက စမ်းအေးငယ်ငယ်တုန်းက အဘိုးပြန်ဖြစ်သွားပြီ။ ပကတိတည်ငြိမ်လျက်။ ခုနကလို အသက်ခုနစ်ဆယ်ကျော် အဘိုးအို၏ သူငယ်ပြန်သည့်အမူအရာ မျက်နှာထားတွေ မရှိတော့။

'အစ်မ စမ်းအေး မုန့်ပါလား'

ဝိုင်းလာကြသော မလှကွန့်သားတွေကို စမ်းအေး မျက်စောင်းထိုးလိုက်သည်။

'သွားကြ . . . ဘာမုန့်မှ မပါဘူး။ အဘိုး နေကောင်းအောင်လို့ မစကြပါနဲ့လို့ ငါမှာထားတာကို အမှတ်မရှိဘူး၊ နင့်အမေကို တိုင်မယ်'

အိမ်ထဲသို့ အဘိုးကို တွဲခေါ်လာခဲ့ရာက တတွတ်တွတ် မြည်တွန်နေမိသည်။

'စမ်းအေး ရေ . . . ဒီတစ်ခေါက် ညည်း ကြာလှချည်လား'

ကလေးတွဲလောင်းနှင့် မလှကွန့်က ဒီဘက် ကူးလာသည်။ လက်ထဲတွင် နှစ်ဆင့်ချိုင့် ညစ်ထပ်ထပ်ကိုဆွဲလျက်။ အဘိုးအတွက် ထမင်းနှင့်ဟင်း။ စမ်းအေးက ချိုင့်ကို လှမ်းယူလိုက်သည်။

'ကြာဆို အစ်မရယ်၊ ပွဲကူးတွေက ဝေးတယ်၊ စမ်းအေးလည်း ပြန်ချင်တာပေါ့။ စမ်းအေး မရှိတုန်း အဘိုး ဘယ့်နှယ်လဲ မလှကွန့်'

စမ်းအေးက အဘိုးမကြားအောင် တိုးတိုးမေးရသည်။ အစ်မလှကွန့်က 'မဆိုးပါဘူး'ဟု ပြောရင်း အနားမှာဝင်ထိုင်သည်။ အစ်မလှကွန့်တို့ရှိလို့သာ။ နို့မို့ဆို စမ်းအေးသွားနေတုန်း ကျန်းမာသော်လည်း စိတ်မငြိမ်မသက်ဖြစ်ကာ သူငယ်ပြန်စပြုနေသော အဘိုးအတွက် စားရေးသောက်ရေးက မလွယ်။

စားပွဲဝိုင်းလေးမှာ စမ်းအေးက ထမင်းပွဲပြင်သည်။ ဟင်းက ခရမ်းချဉ်သီး

mgyoe.com

mgyoe.com

ပန်ထွေဖျော်နှင့် မြူရွက်သုပ်။ အသားဟင်းမပါ၍ အဘိုးအတွက် စမ်းအေး စိတ်မကောင်း။ ဒါပေမဲ့ မလှကွန့်ခများလည်း စမ်းအေးပေးသည့် ငွေနည်းနည်းလေးနှင့် ဒီလောက် ချက်ပေးတာပဲ ကျေးဇူးတင်ရဦးမည်။

'အဘိုးရေ လာ . . .၊ စမ်းအေးတို့ ထမင်းစားကြရအောင်၊ ဒီမှာ အဘိုးကြိုက်တဲ့ မြူရွက်သုပ်လေး အဖေလည်း ကြိုက်တယ်'

လွှတ်ခနဲ ထွက်သွားပြီးမှ မှားသွားပြီဆိုတာကို စမ်းအေးသိလိုက်၏။ မျက်နှာတစ်မျိုးဖြစ်သွားသော အဘိုးနားသို့ တိုးကပ်သွားမိသည်။ အဘိုးက ထမင်းပွဲကို စူးစူးကြီး ကြည့်သည်။

'အဖေလည်း ကြိုက်တယ်တဲ့၊ ဟုတ်ပ ဟုတ်ပ။ ငါ့သားကြီးက မြူရွက်သုပ်လည်း ကြိုက်ပ့ါ။ ဆိတ်ကလီစာလည်း ကြိုက်ပ့ါ။ နှံမှုတ်တာလည်း ကြိုက်ပ့ါ။ ကိုယ့်သမီးလေးကိုတောင် မသနားဘဲ လင်ငယ်ရှာတဲ့ မကောင်းတဲ့ မိန်းမကိုလည်း ကြိုက်ပ့ါ'

'အို . . . မပြောပါနဲ့ အဘိုးရယ်'

အဘိုးပါးစပ်ကို ညင်သာစွာပိတ်လိုက်ရင်း စမ်းအေး မျက်နှာလွှဲထားမိသည်။ မျက်ရည်တွေ ဝေ့နေသော အဘိုးမျက်လုံးတွေနှင့် ခဏနေလျှင် ဖြစ်လာတော့မည့် ကလေးငယ်တစ်ယောက်လို မျက်နှာအမူအရာကို စမ်းအေး မကြည့်ရက်နိုင်ပါ။

× × ×

'မိခင်ရဲ့ မေတ္တာဆိုတာဟာ ဘယ်လောက်များ ကြီးမားပါသလဲဆိုရင် မြင်းမိုရ်တောင်ထုနဲ့တောင် ပမာပြုလို့ နှိုင်းတုရပါသတဲ့။ ဒါကြောင့်လည်း 'မာတာပိတု'ဟု ရယ်လို့ အမိနဲ့အဖတောင် မတူဘဲ 'မာတာအမိ'ကို ရှေ့မှာထားလို့ ဆိုခဲ့ကြတာပေ့ါ'

မဏ္ဍပ်ထဲမှ ပရိသတ်အားလုံး ငြိမ်သက်နေကြသည်။ ဘိသိက်ဆရာ၏ ကရုဏာသံလွှမ်းသော မိခင်မေတ္တာဘွဲ့ကို ဘိသိက်သွန်းချိန်တိုင်း စမ်းအေး ကြားရမြဲ။ ကြားရသူတိုင်းလည်း ရင်ထဲမှာ နာကျင်ကြေကွဲစွာ ခံစားနေမိမြဲ။ ကန်တော့ခန်းအတွက် သီချင်းဆိုပေးဖို့စောင့်ရင်းက မျက်ရည်တို့ကို ထိန်းရမြဲ။

mgyoe.com

mgyoe.com


'ကိုင်း . . . ဒါကြောင့် ဒါကြောင့် ကျေးဇူးတရား ကြီးမားလှတဲ့ မိခင်ကို လူလေး လုံမလေးတို့က အလျင်ကန်တော့ကြရမယ်။ ကဲ မိခင် မာတာကလည်း ဆုများပေးပါဗျား'

ဆွတ်ပျံ့လွမ်းမောဖွယ် ကန်တော့ခန်းတီးလုံးနှင့်အတူ မောင်ရှင်လောင်း လေးများနှင့် နားဖောက်သည်လေးများက မိခင်ကို ဝိုင်းကန်တော့ကြသည်။ မိခင်မေတ္တာအကြောင်းကို ဘာဆိုဘာမျှ မသိလိုက်သော စမ်းအေးက မိခင်မေတ္တာအကြောင်းကို သီဖွဲ့သောသီချင်းကို လှိုက်လှဲကြေကွဲစွာဆိုရင်း က မေတ္တာမျက်ရည်စတွေနှင့် တတွတ်တွတ် ဆုပေးနေသော မိခင်အမျိုး သမီးကြီးကိုကြည့်ကာ ငိုချင်လာသည်။

'ကိုင်း မိခင်ကို ကန်တော့လို့ပြီးပြန်တော့ အဖကို ကန်တော့ကြရမယ်၊ ဆပ်လို့မကုန်နိုင်အောင် များပြားလှတဲ့ ဖခင်ကျေးဇူးတရားတွေကို'

အဖ ကန်တော့ခန်းအတွက် ဘီသိက်ဆရာ စကားပြောနေစဉ်မှာ စမ်း အေး ခဏရပ်နားရသည်။ ဝိုင်းနောက်မှာ အသာထိုင်ကာ ကျချင်နေသော မျက်ရည်စတွေကို တို့ပတ်နှင့် သိမ်းရသည်။

'အစ်မ ဘာဖြစ်လို့လဲ။ မနက်က ရှာစားဆူလို့လား'

မောင်ပြုံးကလှမ်းစတော့ မနက်က ရှာစားဆူသည်ကို စိတ်က ရောက် သွားပြန်သည်။

'ဒီပွဲကစပြီး အားလုံးအဖြူနဲ့ ရခိုင် အပြာယူနီဖောင်း ဝတ်ကြမယ်လို့ ငါ သေချာပြောထားသားနဲ့အေ၊ ညည်းက ဘယ်မလဲအင်္ကျီအဖြူ။ မိန်း ကလေးက တစ်ယောက်တည်း ထင်းထင်းကြီး။ ပိုက်ဆံမရှိဘူးတော့ မလုပ် နဲ့၊ နောက်ပွဲအမိ ယူထားတဲ့ အသုံးတွေရော ဘယ်ရောက်ကုန်ပြီလဲ'

ဘယ်ရောက်ကုန်ပလဲတဲ့။ စားရင်းမှတ်ထားသော စာအုပ်လေးကို မြင် ယောင်လာသည်။ အသုံးတစ်ထောင်ထဲက ဘယ်လိုမှနေမဖြစ်တော့လို့ အိမ် ကလေးပြင်တာက ငါးရာ၊ ကျန်သည့်ငွေထဲက အဘိုးအတွက် သည်းခြေ ငြိမ်ဆေးဖော်ရတာနှင့်၊ မိမိအတွက် ရခိုင်လုံချည်ဝယ်ရတာနှင့်၊ မိတ်ကပ် ဘူးကုန်လို့ ထပ်ဝယ်ရတာနှင့် ညစဉ် ရသည့် ညကြေးတွေကလည်း သုံးစွဲ လိုက်ရလျှင် တစ်ပွဲစာကို အသုံးကြေဖို့ ပြန်ဆပ်နေရသေးတာ။ ပြီးတော့ ဆိုင်းကလည်း တစ်လမှ ဆယ်ပွဲလောက်ပဲရှိတာ။ ဒီပွဲပြီးလျှင်တော့ နှစ်ပွဲ

mgyoe.com

တွက် ခြောက်ဆယ်ရမည်။ ဒါပေမဲ့ စမ်းအေးလက်ထဲမှာ လက်ကျန် မရှိတော့။ သည်ကပြန်လျှင် မလှကွန့်ကိုလည်း ထမင်းလခပေးစရာ ကျန်သေးသည်။ အိရှန်အဖြူဆိုရင် တစ်ကိုက်ကို လေးဆယ့်ရှစ်ကျပ်။ ချုပ်ခနှင့်ဆိုလျှင် မလွယ်၊ ဘယ်လိုမှမလွယ်။ ရင်ထဲမှာ ပူလောင်လာသည်။ ပွဲသိမ်းတော့ ရွာစားက ထပ်မှာပြန်သည်။

'စမ်းအေးရေ . . . နောက်ပွဲအတွက် အင်္ကျီအဖြူလေးတော့ ကြံဦးဖန်ဦးဟော့နော်'

'မရှိရင်လည်း ဇာခြင်ထောင်အဖြူကြီးကို ဖျက်ချုပ်ခဲ့ပေါ့ဟာ'

ဆိုင်းနောက်ထကိုညိုကြီး နောက်သည်ကိုပင် စမ်းအေး မရယ်နိုင်။

× × ×

သည်တစ်ခေါက် ပွဲကူးနားရက်။ အဘိုးဆီသို့ အပြန်လမ်းသည် စမ်းအေးအတွက် အရင်အခေါက်တွေလို ပျော်စရာမကောင်း။ အင်္ကျီအဖြူ၊ နောက်ပွဲအတွက် အင်္ကျီအဖြူဆိုသည့် အသံတွေက ရင်ထဲမှာ ဆူညံနေ၏။ သည်တစ်ပွဲမဝတ်နိုင်လို့ကတော့ ရွာစား အကြီးအကျယ် စိတ်ဆိုးရော့မည်။ စိတ်ဆိုးရုံတင်မက စမ်းအေးကိုထုတ်ပစ်ပြီး နောက်တစ်ယောက်ရှာလိုက်မှဖြင့် ဒုက္ခ၊ တခြားအလုပ်လည်း စမ်းအေးမလုပ်တတ်။ စမ်းအေး သီချင်းပဲဆိုချင်ပါသည်။ အိမ်ရှေ့မှာ အဘိုးကိုမမြင်တော့ ရင်ထဲမျာ ထိတ်ခနဲ ဖြစ်ရပြန်သည်။ အဘိုးအိပ်ရာထဲများ လဲနေပြီလား။

'အဘိုးရေ အဘိုး၊ မလှကွန့်ရေ အဘိုး အဲဒီဘက်မှာလား'

မလှကွန့်တို့ဘက်သို့ တစ်ဆက်တည်းအော်မေးရင်း အိမ်ထဲသို့ မြန်မြန် ပြေးဝင်လိုက်သည်။ အိမ်ပြန်ရောက်တိုင်း ကြည့်နေကျအိပ်ခန်းနံရံချိတ်ကို လှမ်းကြည့်လိုက်သည်။ ဘုရားရေ၊ ချိတ်က အဖွေ့နဲ့လေးကော။ အို . . . ဘုရားစင်အောက်က အဖွေ့ပတ္တလားက ပတ္တလားဆံတွေရော။ ဘယ်ရောက်ကုန်ပြီလဲ၊ နောက်ပြီး အဘိုးကရော။

'အဘိုး'

ငိုသံပါနှင့် စမ်းအေး တအားအော်ခေါ်လိုက်တော့မှ အိမ်နောက်ဖေးဆီမှ . . .

mgyoe.com

mgyoe.com

'စမ်းအေးမ ပြန်လာပလားဟေ့၊ အဘိုး လာပြီဟေ့'

အဘိုးက ခပ်သွက်သွက် ပြေးဝင်လာသည်။ ကျန်းမာရွှင်လန်းနေသော အဘိုးက မျက်စိမျက်နှာပျက်နေသော စမ်းအေးကိုကြည့်ပြီး ခြေလှမ်းတုံ့ သွားသည်။

'အဘိုး၊ အဖေ့နဲ့ရော၊ ပတ္တလားဆံတွေရော ဒီမှာ မရှိတော့ဘူး။ ဘယ် ရောက်ကုန်ပြီလဲ'

အဘိုးက ဘာမျှမပြော။ ငိုင်လို့သာ ကြည့်နေသည်။

'ပြောမပြောချင်တော့ပါဘူး စမ်းအေးရယ်၊ အဘိုးရယ်'

စမ်းအေး နောက်နားကဝင်လာသော မလှကွန့်၏အသံက စိတ်ပျက် အားလျော့ဖွယ်။ ဘာတွေဖြစ်ကုန်ပြီလဲ။

'တမြန်နေ့လောက်ကထင်ပါရဲ့၊ ငါလည်း မသိလိုက်ဘူး၊ နင့်အဖေ ပစ္စည်းတွေ ဈေးထဲမှာသွားရောင်းပစ်သတဲ့'

ရောင်းပစ်လိုက်ပြီ။ ငိုချင်လျက်လက်တို့ စမ်းအေးက မျက်ရည်တွေ တပေါက်ပေါက်ကျလာသည်။

'အဘိုး အဘိုး၊ ဘာတွေလျှောက်လုပ်တာလဲ အဘိုးရဲ့။ အဖေ့ကို အလွမ်း ပြေစရာဆိုလို့ ဒါလေးတွေပဲရှိတာလို့ စမ်းအေးပြောထားတယ် မဟုတ် လား။ ရောင်းပြီးတော့ အဘိုး ဘာတွေလုပ်ပစ်လဲ ပြောစမ်းပါဦး'

ဝမ်းနည်းလွန်းသောကြောင့် မအော်စဖူး အဘိုးကို အော်မိသည်။

'စမ်းအေးမှာတော့၊ စမ်းအေးမှာတော့ ခြိုးခြံလိုက်ရတာ၊ ချွေတာလိုက် ရတာ၊ ကိုယ်ထမင်းစားနေရတဲ့ အလုပ်အတွက်တောင် အင်္ကျီလေး တစ်ထည် မချုပ်နိုင်ဘူး၊ အဘိုးက ထင်ရာတွေလုပ်တယ်၊ စမ်းအေး သေချင် တယ် သိလား'

တရှိုက်ရှိုက်ငိုနေသော စမ်းအေးကိုကြည့်ပြီး အဘိုးမျက်နှာက ညှိုးကျ သွားသည်။

'အဘိုး ဘာမှမလုပ်ပါဘူး သမီးရယ်၊ အဘိုး ညည်းအဖေအတွက် ကုသိုလ်လုပ်ချင်လို့ အဘိုးမှာပိုက်ဆံမရှိလို့ သမီးကလည်း အဘိုးကို ပိုက်ဆံမပေးလို့'

'တော်ပါတော့ အဘိုးရယ်'

mgyoe.com

mgyoe.com

စမ်းအေးရှိက်သံက ပို၍ပြင်းထန်လာသည်။ အဘိုးလက်တွေကို ကြင်နာစွာ ဆုပ်ကိုင်ထားရင်း

'စမ်းအေးကို ခွင့်လွှတ်ပါအဘိုးရယ်၊ စမ်းအေး အင်္ကျီအဖြူမချုပ်လို့ ရွာစားကဆူလိုက်လို့ စမ်းအေး သိပ်စိတ်ညစ်နေလို့ပါ၊ စမ်းအေးကို ခွင့်လွှတ်ပါ'

× × ×

'အခုလို ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံလှတဲ့ အလှူတော်မင်္ဂလာကြီးမှာ ရွာစားရဲ့ ဆိုင်းလက်သံကလည်း နားထောင်လို့ကို မငြီးနိုင်ပါဘူး ကိုညုကြီးရဲ့'

'ဟုတ်ပ ကိုနက်ကြီးရေ့'

'ဟော ဒါတင်မကသေးဘဲ အချိုပေါ်သကာလောင်းသလို ထပ်ဆင့်လို့ တင်ဆက်မှာကတော့ အဆိုတော်မလေး မစမ်းအေးရဲ့ စည်တော်ကြီးဆိုတဲ့ သီချင်းလေးပါတဲ့ဗျား'

'ကြားကြရအောင် မစမ်းအေးရေ့'

မိုက်ကိုကိုင်လျက် ဝိုင်းနောက်မှာ စမ်းအေးရပ်လိုက်သည်။ ရွာစားက စမ်းအေးကို ကျေနပ်စွာကြည့်သည်။ စပယ်တို့ဝေသော ဆံထုံးနှင့် ရခိုင်လုံချည် အပြာနှင့်။ ရှေးရိုးရင်ဖုံးအင်္ကျီ အဖြူလေးနှင့်။ စမ်းအေးက ယဉ်ကျေးဖွယ်ရာ လှပတင့်တယ်နေသည်။

'စည်တော်ကြီး . . .၊ စည်တော်ကြီး၊ တီးသံက ချို ငါးမည်ရတဲ့ ပြည်ရွှေဘို'

သာယာချိုအေးသော စမ်းအေးသီချင်းသံက မဏ္ဍပ်ထဲတွင် ဝေစည်လျက်။ ဆိုင်းကလည်း မြိုင်မြိုင်ဆိုင်ဆိုင်။ သီချင်းထဲမှ စကားပြောသော ပိုဒ်ကို စမ်းအေး စလိုက်သည်။

'ဟိုးရှေးရှေးတုန်းကဆိုရင် ကျွန်မတို့ မြန်မာအမျိုးသမီးလေးတွေဟာ အခုလို ကာလပေါ် အဝတ်အထည်ဆန်းတွေကို မဝတ်ဆင်ကြသေးပါဘူးတဲ့၊ ကိုယ့်ဘာသာကိုယ် ရက်ကန်းစင်လေးတွေနဲ့ ရက်လုပ်ပြီးတော့ . . .'

စကားပြောကို ချိုချိုလေးပြောရာက စမ်းအေးအသံ မသိမသာ တုန်

mgyoe.com


သွားသည်။ ကိုယ့်ဘာသာကိုယ် ကိုယ့်ဘာသာကိုယ် ရက်လုပ်ပြီးတော့တဲ့။

စမ်းအေးမျက်လုံးရိပ်တွင်တော့ အပ်ချည်တစ်လုံး ကတ်ကြေးအို တစ်လက်ကို ဘေးမှာချလျက်။ လက်ချုပ်အပ်ကလေးနှင့် အင်္ကျီလေးတစ်ထည်ကို တကုပ်ကုပ်ချုပ်နေသော စက်ချုပ်သမား အဘိုးအိုကြီး။

မြေးမ အဆိုတော်အတွက် အင်္ကျီအဖြူလေးတစ်ထည်ကို ကိုယ့်ဘာသာကိုယ် တိတ်တခိုးချုပ်နေရှာတဲ့ စမ်းအေးရဲ့ ချစ်သောအဘိုး။

ကိုယ်ပေါ်မှ ရှေးရိုးထုံးစံ အင်္ကျီအဖြူလေးကို ငုံ့ကြည့်မိပြန်တော့ ရင်ထဲမှာ နာကျင်စွာခံစားလိုက်ရသည်။

သည်အင်္ကျီအဖြူလေးဖြစ်ဖို့၊ ချစ်သောမြေးမ စိတ်ချမ်းသာစေဖို့ ကတ်ကြေးကိုက်ရာများဖြင့် ပျက်စီးနေရှာသည့် အဘိုး၏ မဝတ်ရက်ရှာသော တက်ထရွန်အဖြူ အင်္ကျီလေးကို မစဉ်းစားပါရစေနဲ့တော့။ ပြန်လို့ မမြင်ပါရစေနဲ့တော့။ ရွာစားက အဆိုပိုဒ်တီးလုံးကို ပြန်ကောက်နေပြီ။ မျက်တောင်များကို စမ်းအေး တဖျပ်ဖျပ်ခတ်ရပြန်သည်။ ရွာစားက စမ်းအေးကို ကျေနပ်သွားပြီ။ စမ်းအေးတို့ မြေးအဘိုး ထမင်းစားဖို့အတွက် ပြေလည်လို့သွားခဲ့ပြီ။ သီချင်းမဆိုရမှာ သိပ်ကြောက်တဲ့ မိစမ်းအေးလည်း ပူစရာမလိုတော့။ ဒါပေမဲ့ အဘိုးရေ ခုချိန်မှာ ကတ်ကြေးရာဗလပွနဲ့ အင်္ကျီစုတ်ကြီးကို ဝတ်ပြီးတော့များ ကလေးတွေနဲ့အတူ ဗုံတီးတမ်း ကစားနေရှာရော့မလား။

(၁၉၈၅ ခုနှစ်၊ မတ်လ၊ မိုးဝေမဂ္ဂဇင်း)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နှုတ်ဆက်စမ်းချင်ရဲ့ မှာလိုက်မယ်

ထွန်စက်နှိုးသံ တဒုန်းဒုန်းသည် နားထဲတွင် သာယာချိုမြိန်လှသည်။ ထွန်စက်နောက်တွဲ တစ်ခုလုံး ပွက်လောရိုက် ဆူညံနေကြသည်မှာ ပျော်စရာကောင်းလှသည်။ ချွေးတွေက တစ်ကိုယ်လုံးရွှဲနစ်ကာ လူတွေကြားထဲမှာ ကျပ်ညပ်မွန်းသိပ်နေသော်လည်း ကျုပ် ရင်တွေခုန်နေသည်။ ခဏခဏ ရယ်ချင်နေမိသည်။ သည် ထွန်စက်ကားကြီးကို စီးချင်နေသည်မှာ ကြာလှပြီ။ ခုတော့ သည်ဟာကြီးကိုစီး၍ မြို့ထိတောင် သွားရမည်ဖြစ်သည်။ ထွန်စက်ဘေးနားတွင် စုပြုံရပ်ကြည့်နေကြသော ကျုပ်ညီနှင့် ညီမတွေကို မော်မော်ကြွားကြွား ကြည့်ပစ်လိုက်သည်။ မလိုက်ရသဖြင့် သူတို့မျက်နှာတွေက ငိုမဲ့မဲ့ ဖြစ်နေကြသည်။ အဖေ့လက်ထဲက ကျုပ်ညီအငယ်ဆုံးကတော့ ကျုပ်ဆီကို လက်လှမ်းရင်း အော်ငိုနေပြီ။ ကျုပ် ဘေးနားတွင် ထိုင်နေသော အမေ့မျက်နှာက မကောင်းချင်။

'အေ ကိုရင်သွားကြတော့လေ။ ကလေးက ငိုလှပြီ။ မလိုက်ချင်စမ်းပါနဲ့ဟယ်။ ဆေးရုံသွားတက်ရမှာ အပျော်သွားတာ မဟုတ်ပါဘူးဟဲ့'

အမေ့အသံက သြောင်နာနာနှင့် ငိုသံပါသလိုလို ဖြစ်နေသည်။ အငယ်ကောင်လေးကိုကြည့်၍ အမေငိုချင်နေသလား မသိ။ ကျုပ်ကတော့ ကျုပ်ဆီ

mgyoe.com

mgyoe.com

လက်လှမ်းနေသည့် အငယ်လေးကိုကြည့်ပြီး လက်ညှိုးကို ကွေးဆန့်ကာ ကရော် ကရော်တောင် လုပ်ပစ်လိုက်သေးသည်။ သူ့ကို ချီရလွန်း၍ စောင်းနေသော ကျုပ်ခါးလေး တစ်ခါတလေများ နားပါရစေဦးတော့။

ထွန်စက်နောက်တွဲက သိမ့်ခနဲ လှုပ်လာသည်။ အဖေနှင့် ကလေးတွေက ရန်းရင်းဆန်ခတ်နှင့် ရှာပြန်ဖို့ လှည်းကြုံပေါ် တက်နေကြသည်။ အလကားနေရင်း ရယ်ချင်နေသောကျုပ်က သူတို့ကိုကြည့်၍ ရယ်ပစ်လိုက်သည်။ အမေက သူ့အသံကို အစွမ်းကုန်ထုတ်၍ အဖေ့ဆီသို့ လှမ်းအော်သည်။

'ကျုပ် စိတ်ချသွားမယ်နော် ကိုရင်။ ကလေးတွေ ပစ်မထားနဲ့တော်ရေ့'

ထွန်စက်ကြီးက တဝုန်းဝုန်းမြည်ရင်း မြန်လာသည်။

'ဟော . . . ပြေးတယ်ဗျို့၊ ပြေးတယ် ဗျို့'

ကျုပ် တအားအော်လိုက်သည်။ အမေက ကျုပ်နားရွက်ကို ဆွဲရင်း . . .

'ဟဲ့ကောင်လေး ငြိမ်ငြိမ်နေစမ်း၊ ဒါ ပျော်ပွဲရွှင်ပွဲသွားနေတာ မဟုတ်ဘူး။ အလကား ကမြင်းကြောဆွဲမနေနဲ့။ နင်ဟာလေ ဘာမှကို သိတတ်မှု မရှိဘူး'

အမေ ဘာလုပ်လုပ်၊ ဘာပြောပြော ကျုပ်ကတော့ ဂရုမစိုက်ပါ။ ထွန်စက်ကား၏ တငြိမ့်ငြိမ့်အရသာကို ခံစားရင်း တစ်ခါမှမရောက်ဖူးသော ဆေးရုံဆိုတာ ဘယ်လိုဟာကြီးပါလိမ့်။ အဖေ စာရင်းငှားသွားလုပ်တဲ့ ဦးကြီးမောက်တို့ အိမ်ကြီးလောက်တော့ ရှိလိမ့်မယ် ထင်ပါရဲ့။

× × ×

'နာလိုက်တာ အမေရာ၊ ကျုပ် အစောကြီးကတည်းက လာနေရရင် သိပ်ကောင်းမှာနော်'

အမေ့ခုတင်ပေါ်ရှိ ခုံပေါ်တွင် ကျကျနနထိုင်ကာ အမေ့ဇလုံထဲမှ ဆေးရုံကပေးသော ဆန်ပြုတ်ဖြူဖြူကို တစ်ဇွန်းပြီးတစ်ဇွန်းသောက်ရင်း ကျုပ်ကျေနပ်မိသည်။ အမေက ကျုပ်လက်ထဲမှ ဇွန်းကို တစ်လှည့်ယူသောက်ရင်း

'ဟဲ့ ဇွန်းများလွှတ်ပါဦးဟယ်၊ ငါ့နှယ် သူကတစ်မျိုး။ ဒီမှာဖြင့် စိတ်

mgyoe.com

ညစ်ရတဲ့ ထဲ'

'ဘာဖြစ်လို့လဲ အမေ၊ အမေ့ကို ဆေးကုမပေးဘူးတဲ့လားဟင်'

'မဟုတ်ဘူး ဟဲ့၊ ငါ့ရောဂါကို ခွဲစိတ်မှာတဲ့။ အားမွေးပြီးမှ ခွဲရမှာတဲ့။ ခွဲပြီးရင်လည်း အနာကျက်မှပြန်ရမတဲ့။ ဒါဆို အကြာကြီးနေရဦးမှာ။ စိတ်ကိုညစ်ရော၊ ရောဂါမခံနိုင်တဲ့ အဆုံးမို့သာ လာရ။ မလာချင်ပါဘူး အဟုတ်။ တစ်ခါတည်း အသက်ပါသွားရင်လည်းပဲ ကောင်းသား'

မျက်ရည်စတွေနှင့် စိတ်ဆိုးနေသောအမေ့ကို ကျုပ် နားမလည်စွာ ငေးကြည့်နေမိရင်း စိတ်ထဲက တိတ်တိတ်လေး အပြစ်တင်နေမိသည်။ တော်တော်ခက်တဲ့ အမေ။ ရွာမှာ အကောင်းဆုံးဆိုတဲ့ ဦးကြီးမောက်တို့ အိမ်ထက် အများကြီး ကြီးတဲ့၊ အများကြီးကောင်းတဲ့ အုတ်တိုက်ကြီးမှာ လည်း နေရသေးသည်။ သံချောင်းတွေနှင့် လုပ်ထားသော ခုတင်ပေါ်မှာ ဖုံထူထူနှင့်အိပ်ရတာ ဘယ်လောက်ကောင်းလဲ။ ကျုပ်တို့တဲကုပ်လေးထဲ က မြေကြီးပေါ်မှာ ဖျာခင်းပြီးအိပ်ရတာနဲ့ ဘယ်ဟာကသာမလဲ။ ထမင်း လည်း အလကားကျွေးသေးသည်။ မနက်ဆို ဆန်ပြုတ်လည်း လာဝေပေး သေးသည်။ နောက်ပြီး ထွန်စက်ကားကြီးထက် အများကြီးလှသော ဆရာဝန်ကြီး၏ ကားဖြူဖြူလေးမောင်းလာသည်ကို မနက်တိုင်း ငေးကြည့် ရသည်မှာ ကျုပ်အဖို့ ပျော်စရာကောင်းလှသည်။

ကားပေါ်မှဆင်းလာသော ဆရာဝန်ကြီးနောက်မှ ဦးထုပ်လေးတွေ ဆောင်းထားသော ဆရာမတွေ တန်းစီပြီးလိုက်သွားတာကို ကြည့်ရသည် မှာ ရွာမှာတုန်းက ဦးကြီးမောက်တို့ အလှူလှည့်တာထက်တောင် ကြည့် လို့ကောင်းသေးသည်။ ဆရာဝန်ကြီးကို လက်ဟန်ခြေဟန်တွေနှင့် စကား ပြောတတ်သော ဆရာမဝဝကြီးကို ကျုပ် ရုတ်တရက် မြင်ယောင်လာရင်း ရယ်ချင်လာကာ ဟီးခနဲ အသံထွက်သွားသည်။ အမေ့လက်က ကျုပ်ပေါင် ဆီသို့ အမြန်ရောက်လာကာ တအားဆွဲလိမ်ပစ်လိုက်သည်။

'ဟင် . . . သေချင်းဆိုးလေး . . .၊ မအေက စိတ်ညစ်နေတယ်၊ ဒင်း က တစ်ရယ်တည်း ရယ်နေတယ်'

ခုတင်ပေါ်မှ လျင်မြန်စွာဆင်းကာ ကျုပ်ပေါင်ကိုပွတ်သပ်ရင်း အမေ့ ကို မကျေနပ်စွာ ကြည့်မိသည်။

mgyoe.com

mgyoe.com

'ဒီလောက်တောင်ဖြစ်တဲ့ အမေ . . . ဆေးရုံမှာ အကြာဆို အကြာကြီး နေရပါစေဗျာ'

× × ×

'ဟဲ့ ကလေး . . . ဒီနား လာစမ်း . . .၊ မင်း နာမည်က ဘယ်သူ'

'ဖတ်တင်'

'ဖတ်တင် ဟုတ်လား၊ မင်းအမေကို စောင့်ဖို့ မင်းတစ်ယောက်တည်း လား'

'အင်း . . . ဟုတ်တယ်၊ ကျုပ်တစ်ယောက်တည်း'

'အို . . . မင်းအရွယ်လေးနဲ့ ကျုပ်၊ ကျုပ်နဲ့မပြောရဘူး ကလေးရဲ့၊ မင်းအသက် ဘယ်လောက်ရှိပြီလဲ'

'မနှစ်တုန်းကတော့ အမေက ဆယ်နှစ်ရှိပြီတဲ့ဗျ'

'ဆယ်နှစ်၊ ဒါဆို အငယ်လေးပဲ ရှိသေးတာ။ နောက်ဆို ကျုပ် . . . ကျုပ်နဲ့ မပြောနဲ့နော် ကလေး၊ သားကလို့ ပြောနော် ကြားလား'

သားကတဲ့။ စိတ်ထဲမှာ တိုးတိုးလေး ရွတ်ကြည့်မိသည်။ တစ်မျိုးကြီး ပဲ။ ကျုပ် မပြောတတ်ပါ။ ကျုပ်မပြောချင်ပါ။ ပြုံးကြည့်နေသော ဆရာမ ဝဝကြီး၏ ခေါင်းပေါ်က ဦးထုပ်အဖြူလေးကိုသာ ယူကြည့်ချင်နေမိသည်။ ဆရာမကြီးက စားပွဲအောက်ကိုလက်နှိုက်ပြီး အထုပ်တစ်ထုပ်ကို ကျုပ် လှမ်းပေးသည်။

'ရော့ . . . ဒီမုန့်ကို မင်းလည်း စား၊ မင်းအမေကိုလည်း ကျွေး၊ မင်း အမေ ခွဲစိတ်ထားလို့ သိပ်အားနည်းနေတယ်။ မင်းချည်း စားမပစ်နဲ့နော် ကြားလား၊ မောင်ဖက်တင် အဲ– ဘယ်သူ ဖတ်တင်လား ဖက်တင်လား မင်းနာမည်ကလဲ'

ဆရာမကြီးက ညည်းညူရင်း ရယ်မောနေသည်။

'ဟော့ . . . မင်းကို ဘာလို့ ဖတ်တင်လို့ နာမည်ပေးတာလဲကွ'

ထဘီနီနီလေး ဝတ်ထားသော ဆရာမငယ်ငယ်လေးက ပြုံးနေရင်း ကျုပ်ကို လှမ်းမေးသည်။ ကျုပ်က ပြန်ပြုံးပြလိုက်ပြီး . . .

'ကျုပ်အထက်က မွေးတာတွေက သေကုန်လို့ ကျုပ်ကျမှ အဖတ်တင်လို့'

mgyoe.com

mgyoe.com

'သြော် . . . ဒါကြောင့် ဖတ်တင်၊ ဒါဖြင့် မင်း တစ်ယောက်တည်း မွေးထားတာပေါ့'

'မဟုတ်ဘူး . . . ကျုပ်အောက်မှာ ခြောက်ယောက်'

ဝေါခနဲ အားလုံး ဝိုင်းရယ်လိုက်ကြသည်။ ဘာမှန်းမသိ ကျုပ် ရှက်သွားမိသည်။ ဒါဟာ ရယ်စရာလား။ အမေကတော့ ကလေး ခုနစ်ယောက်ရှိတဲ့ ဒုက္ခကို စိတ်ပျက်လို့မဆုံး၊ ညည်းညူလို့ မဆုံး။ သူတို့ဟာသူတို့ ရယ်ရယ်ငိုငို အရေးမကြီးပါ။ အရေးကြီးသည်က သည်အခန်းထဲက အမြန်ဆုံးပြေးထွက်ပြီး မုန့်ထုပ်ကို ဖြေစားဖို့ပင် ဖြစ်ပါသည်။

× × ×

'ဖတ်တင်ရေ . . . ဖတ်တင်'

ဆရာမဝဝကြီး၏ ခေါ်သံစူးစူးလေးက နောက်ဖေးထိ ပျံ့လွင့်လာသည်။ ရေဆေးလက်စ ချိုင့်ဆင့်များကို ကျုပ် အမြန်ဆုံးဆင့်ပြီး တအားပြေးမိလာသည်။ ပြေးရင်းက ချိုင့်ဆင့်များ ပြောင် မပြောင် ကြည့်ရသေးသည်။ ကျုပ်တို့နှင့် ကပ်လျက်အခန်းက အဘွားကြီးက အင်မတန်ကြေးများသည်။ ဆေးခိုင်းပြီး ချိုင့်မပြောင်လျှင် ပေးနေကျ ချိုချဉ်လေးနှစ်လုံးကိုတောင် မပေးတတ်။ သူ့မှာ မုန့်တွေ၊ ချိုချဉ်တွေ အများကြီးရှိပေမယ့် ဘယ်လောက်ခိုင်းခိုင်း ချိုချဉ်နှစ်လုံးပဲ ပေးသည်။ တစ်ခန်းကျော်က မိန်းမကြီးကမှ သူ့လောက် မုန့်မပေါပေမဲ့ တစ်ခါခိုင်းလျှင် မုန့်ချပ် ငါးခုပေးသေးသည်။

သည်နေ့အဖို့တော့ မပေးချင်နေပေ့စေတော့။ ဒီနေ့ ဆရာမကြီးတို့ ခွဲစိတ်သည့်နေ့ ဖြစ်သည်။ ဆရာမကြီးက ပြောသည်။ လူနာက သူဌေးတဲ့၊ ခွဲစိတ်ပြီးလျှင် ဆရာ၊ ဆရာမတွေကို အမောပြေ ခေါက်ဆွဲကြော်ကျွေးမည်တဲ့။ ပန်းကန်ဆေးပေးရင်း ကျုပ်အတွက် ဝေစုကို စားရဦးတော့မည်။

ခွဲစိတ်သည့်နေ့တိုင်း လူနာရှင်တွေအားလုံး ဆရာ ဆရာမတွေကို အမောပြေတစ်ခုခု ကျွေးမွေးကြစမြဲပေမဲ့ မှတ်မှတ်ရရ ခွဲစိတ်ပြီး ဘာမှ မကျွေးသည်မှာ ကျုပ်အမေတစ်ယောက်ပဲ ဖြစ်သည်။

'ဟဲ့ . . . မြန်မြန်လာ၊ ခေါ်လိုက်ရတာဟယ် နင့်နှယ်'

mgyoe.com

mgyee.com


ဆရာမကြီး၏ စားပွဲပေါ်တွင် စားပြီးသား ပန်းကန်ထပ်များနှင့်အတူ ခေါက်ဆွဲကြော် တစ်ပန်းကန်အမောက်ကြီးကို မြင်ရသည်။ ဝသလောက် အစားနည်းသော ဆရာမကြီးက သူမကုန်နိုင်တာတွေ ပေါင်းထည့်တာ လည်း ပါလိမ့်မည်။ ကျုပ် သိပ်ပျော်သွားမိသည်။ ဆေးရုံမှပေးသောထမင်း ကို အမေနှင့် နှစ်ယောက်ခွဲစားရန် မလိုတော့။ မနက်စာအတွက် ပြီးသွား ပြီ။ စားပြီးလျှင်တော့ မွေးလူနာဆောင်က တစ်ယောက်တည်း ကလေးလာ မွေးသော ကောင်မလေးတစ်ယောက်က သောက်ရေ ခပ်ခိုင်းထားတာ သွား ခပ်ပေးရဦးမည်။ တစ်ကျပ်ကြီးများတောင် ပေးမည်ဟု ပြောထားသည်။ ယောကျ်ားလူနာဆောင်က ချောင်းအမြဲဆိုးနေတတ်သော လူကြီးကလည်း သူ့ထွေးခံကိုသွန်ပေးရင် မုန့်ပေးမည်တဲ့။ ဆရာမလေးအတွက်လည်း အချဉ် ထုပ်ဝယ်ပေးရဦးမည်။ အလုပ်တွေက အများသား၊ ဆေးရုံတစ်ခုလုံးမှာ ဖတ်တင်မပါရင် မပြီးတော့ပါလားဟု ကျေနပ်စွာ တွေးလိုက်မိသည်။

သူတို့အလုပ်တွေ လုပ်ပေးနေရတာနဲ့ ဆေးရုံနောက်ဘက်ရှိ ခြံကျယ် ကြီးထဲမှ ကျုပ်အလွန်သဘောကျသော မြင်းကြီးတွေဆီတောင် မရောက် တာကြာပြီ။ မြင်းကြီးတွေရှိသော ခြံကျယ်ကြီးထဲသို့ ဆေးရုံညစောင့် ကိုမြမောင် တစ်ခါခေါ်သွားပြီးကတည်းက ကျုပ် ခဏတိုင်း သွားကြည့် မိသည်။ မြင်းပိုင်ရှင်ကြီးကလည်း သဘောကောင်းသည်။ သူ့ကို မြင်းချေး ကူကျုံးပေးလျှင် သူက ကျုပ်ကို မုန့်တောင် ကျွေးလိုက်သေးသည်။ စဉ်း စားရင်းကပင် မြင်းကြီးတွေကို ပြေးကြည့်လိုက်ချင်သည်။ ဩော် . . . ခုနက ကပျာကယာပြေးလာရလို့ မတောင်းခဲ့ရတဲ့ ချိုချဉ်နှစ်လုံး အဘွား ကြီးဆီက တောင်းရဦးမည်။ ဒီနေ့အဖို့ ချိုချဉ်တွေ၊ မုန့်တွေ အများကြီးပါ လား။ ဒီလိုနေ့မျိုးဆိုလျှင် ကျုပ်ခါးထစ်ခွင်ပေါ်မှနေ၍ ကျုပ်အင်္ကျီကို အလ ကားနေရင်း ဝါးနေတတ်သော အငယ်ကောင်လေးကို ကျုပ် သတိရမိ သည်။

× × ×

'ဟဲ့ ဖတ်တင်၊ ကြည်စမ်း ခုမှပဲ ပေါ်လာတော့တယ်။ မနက်ကတည်း က သွားလိုက်တာ၊ ခု မီးတွေတောင်ပွင့်နေပြီ။ ဟိုမှာ ထမင်းစား၊ စားပြီး

mgyee.com

m g

ရင် တို့ပစ္စည်းလေးတွေ တောင်းထဲထည့်စမ်း၊ နေ့လယ်က ဆရာဝန်ကြီး ပြောသွားပြီ၊ မနက်ဖြန် ဆေးရုံဆင်းနိုင်ပြီတဲ့'

'ဟာ'

အမေ့စကားကြောင့် တစ်နေ့လုံး ပျော်သမျှလေးတွေ ဘယ်ရောက်သွား မှန်းမသိတော့။ ဒုက္ခပါပဲ။ အချိန်ကြီးတွေကလည်း မြန်လိုက်တာ။ ကျုပ် အတွက် ဒီလောက်ပျော်စရာကောင်းတဲ့ နေရာလေးမှာ ကျုပ် အကြာကြီး နေလိုက်ချင်ပါသည်။ အမေကတော့ တောင်းထဲသို့ ဟိုထည့် သည်ထည့် လုပ်နေပြီ။

'အမေ အားမရှိရင် ဆေးရုံက မဆင်းရဘူးတဲ့၊ ဆရာမကြီးက ပြော တယ်။ အမေ အားရှိလို့လား။ ကျုပ်တို့ နေကြဦးစို့နော် အမေ၊ ကျုပ်လေ'

'သွားစမ်းဟယ် နင်ကတစ်မျောင့်၊ မနေချင်ပါဘူးဆိုနေမှ၊ မဖြစ်လို့သာ နေရတာ၊ ငါ့စိတ်က ရွာမှာချည်းရောက်နေတာ'

အင်း . . . ရောက်ရောက်၊ တော်တော်ရောက်ချင်နေ၊ ဟိုကျရင် နေပူ ကြီးထဲမှာ မြေပဲနုတ်ရမှာ၊ သဲဆပ်ပြာပုံ လျှောက်ကျုံးရမှာ၊ ဦးကြီးမောက်တို့ အိမ်က အဝတ်ကြီးလျှော်ပေးရမှာ၊ သူတို့နွားစာတွေကို ခြေထောက်ညောင်း အောင် စဉ်းပေးရမှာ၊ ထမင်းချက်ပေးရမှာ ဒါတွေကို မတွေးမိဘူးလား။ တော်တော်မိုက်တဲ့ အမေ။ အမေ့ကို ကျုပ် သိပ်စိတ်ဆိုးမိသည်။ ထမင်း လည်း မစားချင်တော့။ အခန်းပြင်သို့ ပြန်ထွက်ပြေးခဲ့မိသည်။ အမေ့အော် ခေါ်သံကို မကြားချင်ယောင်ဆောင်ရင်း ဆေးရုံနောက်ဖေးထိ တအားပြေး ခဲ့သည်။ ကန္တာရပင်ကြီးအောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ဖိုးလမင်းကြီးက ထိန်ထိန်သာနေသည်။ မီးပွင့်လက်လက်လေးများနှင့် ဆေးရုံအဖြူသေးသေးလေးမှာ အလွန်လှနေသည်။ ဒါလောက်လှတဲ့နေရာ ကိုများ အမေဘာလို့ မနေချင်တာလဲ။ တခြားလူတွေကကော ဆေးရုံးကို ဘာလို့မုန်းကြတာလဲ။ ဟိုတစ်ညက လူကြီးတစ်ယောက်သေတော့များ ကျန်တဲ့လူတွေဟာ မျက်နှာတွေကို ပျက်နေတာပဲ။ အမေဆို ငိုတောင် ငို သေးတယ်။ ကျုပ်အတွက်တော့ ပိုတောင် ပျော်စရာကောင်းသေးသည်။ သေတဲ့လူရဲ့ မိန်းမကြီးက အဲဒီလူကြီးစားလက်စ ကိတ်မုန့်ရှည်ကြီးတစ် ပိုင်း ကျုပ်ကိုပေးလို့ပေါ့။ အမေရော တခြားလူတွေရော တော်တော် တော်

mgyoe.com

တော်ကို ခက်ပါသည်။

အိတ်ထောင်ထဲမှ အဘွားကြီးပေးသည့် ချိုချဉ်အစိမ်းလေးကို ထုတ်ကြည့်ရင်း ကျုပ် ငိုချင်လာသည်။ စားလို့သိပ်ကောင်းသည့် ချိုချဉ်လေးတွေ။ ရွာပြန်ရောက်ရင်တော့ ဒီလိုချိုချဉ်လေးတွေကို စားရဖို့ဝေးလို့ ကြည့်လို့တောင် ရမှာမဟုတ်တော့။ နေပူပူမှာ အငယ်ကောင်ကို ခါးထစ်ခွင်ချီရင်း ဦးကြီးမောက်တို့ နွားတွေ ကျောင်းရမည်။ မုန့်ဆာလျှင် ဖော်ပြီးသားကန်စွန်းဥခင်းတွေမှ လက်ကျန် ကန်စွန်းဥသေးသေးလေးများကိုပဲ ရှာဖွေတူးဖော်ကာ စားရလိမ့်မည်။ အလျင်ကတော့ ကန်စွန်းဥ အသေးလေးတွေကို အစိမ်းလိုက် တကြွပ်ကြွပ်စားရခြင်းသည် အကောင်းစားလို့ထင်ခဲ့မိသည်။ အေးမြသော အုတ်ခင်းပေါ်မှာလည်း အိပ်ရမှာမဟုတ်တော့။ ကျုပ်သိပ်ကြိုက်သော ချိုချဉ်ရယ်၊ ကိတ်မုန့်ရယ် မစားရတော့မှာကိုတော့ ကျုပ်အငိုချင်ဆုံး ဖြစ်သည်။ ဝမ်းပန်းတနည်းနှင့် ဆေးရုံလေးကို ငေးမောကြည့်နေခိုက် ရုတ်တရက် ဆေးရုံနောက်ပေါက်မှ ခပ်သုတ်သုတ်ပြေးထွက်လာသော ကိုမြမောင်ကြီးကို မြင်ရသည်။

'အောင်မယ်လေး ငါ့လူရယ် ရှာလိုက်ရတာ၊ လာ . . . ဓာတ်ရှင်သွားကြည့်ရအောင်'

ဓာတ်ရှင်တဲ့၊ ကျုပ် ပိုဝမ်းနည်းလာသည်။ ဓာတ်ရှင်ကို ကျုပ် သိပ်ကြိုက်သည်။ ဒါပေမဲ့ ကျုပ် ကြည့်ချင်စိတ် မရှိတော့ပါ။

'တော်ပြီဗျာ . . . ကျုပ် မလိုက်ချင်ဘူး'

ငိုသံပါနေသော ကျုပ်အသံကြောင့် ကိုမြမောင်ကြီးက မျက်လုံးကြီးပြူးကြည့်သည်။

'ဟ . . . ဘာဖြစ်တာလဲဟ၊ ဓာတ်ရှင်ဆို ငေါက်ခနဲထလိုက်တဲ့ကောင်ကများ၊ မင်းအမေက ဆူလို့လား'

'မဟုတ်ဘူး၊ ကျုပ်တို့ မနက်ဖြန် ဆေးရုံက ဆင်းရတော့မှာတဲ့၊ အဲဒါ . . . အဲဒါ ကျုပ်က မဆင်းချင်ဘူး၊ ရွာမပြန်ချင်ဘူးဗျ သိလား၊ အဲဒါ'

ပြောရင်းပင် ကျုပ် ငိုချပစ်လိုက်မိသည်။

'မြတ်စွာဘုရား၊ ဟ ကောင်လေးရ ရွာပြန်ရတော့ ကောင်းတာပေါ့ဟ'

mgyoe.com

m gyoe.com

လာပြန်ပြီ တစ်ယောက်။

'မကောင်းဘူးဗျ၊ ရွာမှာဆို မုန့်တွေ၊ ချိုချဉ်တွေလည်း မစားရတော့ဘူး၊ ဓာတ်ရှင်လည်း မကြည့်ရတော့ဘူးဗျ။ ကိုမြမောင် ကျုပ် ဆေးရုံမှာ နေခဲ့မယ်လေ . . . ရလားဟင်'

'ဟ . . . ဆေးရုံဆိုတာ ဆေးရုံတက်မှ နေလို့ရတာပေါ့ဟ'

မျက်ရည်များကို သုတ်ရင်း ကိုမြမောင်ကို ကျုပ် စိတ်အားထက်သန်စွာ ကြည့်လိုက်မိသည်။

'ဒါဖြင့် ကျုပ် ဆေးရုံတက်မယ်နော် ကိုမြမောင်'

'သောက်ကျိုးနည်း တောသားရ၊ နေမကောင်းဖြစ်မှ ဆေးရုံတက်ရတာဟ၊ တက်ချင်တိုင်း တက်လို့ရမလား။ ကဲပါကွာ . . . မရှုးစမ်းပါနဲ့၊ သွားစို့လား'

စိတ်ပျက်လှစွာဖြင့် ကျုပ်ခေါင်းကို တအားခါယမ်းပစ်လိုက်ရင်း၊ ကိုမြမောင်နားမှ ဆေးရုံဘေးသို့ တအားပြေးထွက်ခဲ့သည်။ ဆေးရုံဘေးပေါက်မှ ဆေးရုံအပြင်ဘက်သို့ ထွက်လိုက်သည်။ မြေနီလမ်းလေးသည် လရောင်အောက်တွင် မနီတော့ဘဲ ဖြူနေသည်။ တစိမ့်စိမ့်ကျလာသော မျက်ရည်တို့ကို လက်ဖြင့်ပွတ်သုတ်ရင်း ကျုပ် ဆက်ပြေးနေမိသည်။ ကျယ်လောင်သော မြင်းဟီသံကို ကြားလိုက်ရတော့မှ ရုတ်တရက် သတိရကာ တုံ့ခနဲရပ်လိုက်သည်။ မြင်းခြံကြီးဆီတောင် ရောက်လာပြီ။ ခြံထဲသို့ ချိုးဝင်လိုက်ကာ မြင်းတွေထားသော နေရာသို့ တန်းသွားလိုက်သည်။ မြင်းတွေပိုင်တဲ့ ဦးကြီးကတော့ နောက်ဖေးမှာ မီးလေးလက်လက်နှင့် ဘာလုပ်နေမှန်းမသိ။ လှလိုက်တဲ့မြင်းကြီးတွေရယ်၊ ပြန်ခါနီးရောက်မှပဲ နင်တို့ကို ကြည့်ရတော့တယ်နော်။ မြင်းကြီးတွေထံမှ နှာမှုတ်သံတဖူးဖူးသည် နားထောင်၍ကောင်းလှသည်။ အောင်မြင်လှသော မြင်းဟီသံကို တစ်ခါကြားရပြန်သည်။ နဖူးမှာ အဖြူကြားကြီးနဲ့။ နောက်မှရောက်လာတဲ့ အကောင်ကြီးနှင့်တူသည်။ နားရွက်ကြီးများကလည်း တထောင်ထောင်နှင့် ကျုပ် သိပ်သဘောကျမိသွားသည်။ အနားသို့ တိုးကပ်ကြည့်ရင်း မြင်းကြီး၏ ပေါင်ပေါ်မှ ပြောင်လက်နေသော အမွေးတွေကို ဆတ်ခနဲ လက်နှင့်ပွတ် ကြည့်လိုက်သည်။

mgyoe.com

mgyoe.com


'ဝုန်း'

'အမလေး'

မျက်လုံးထဲမှာ ဝင်းခနဲ ဖြစ်ကာ ကျုပ်တစ်ကိုယ်လုံး လေထဲ မြောက်တက်သွားသည်။ ဘာဖြစ်တာလဲ၊ ကျုပ်ကို မြင်းကြီးက ကန်လိုက်ပြီ။ လူသံတွေ ကြားရသလိုလိုပဲ။ ရင်ဘတ်ဆီက တအားနာနေသည်။ ကျုပ်ကိုယ်လုံးကို လာပွေ့ရင်းပြောသော မြင်းတွေပိုင်တဲ့ ဦးကြီး၏အသံကို မကြားတစ်ချက် ကြားတစ်ချက်။

'မိုက်လိုက်တဲ့ကလေးကွာ၊ ဒီကောင်ကြီးက ရိုင်းသေးတယ်ကွ။ ကဲ . . . တစ်ယောက်က စောင်တစ်ထည် သွားယူစမ်း၊ ဆေးရုံသွားမယ်ဟေ့'

မြင်းတွေပိုင်တဲ့ ဦးကြီး၏ နောက်ဆုံးစကားကြောင့် ကျုပ် ဖျတ်ခနဲ ရင်ခုန်သွားမိသည်။ မျက်လုံးကို ကြိုးစားဖွင့်ရင်း သူတို့ကြားအောင် ကျုပ် တအားအော်ပြောလိုက်သည်။

'ဦးကြီး ကျုပ်ကို ဆေးရုံတင်နော်၊ ကျုပ်ကို ဆေးရုံတင်ဖြစ်အောင် တင်နော်'

× × ×

လေးလံနေသော မျက်ခွံကို အတင်းဖွင့်နေမိသည်။ ကျုပ် ဘာဖြစ်နေတာလဲ၊ အမေအိပ်သော ဖုံထူထူ၏ အရသာမျိုးလို အတွေ့အထိကို ကျုပ်ကျောအောက်မှာ ခံစားနေရသည်။ ကျုပ် ဘယ်မှာ အိပ်နေတာလဲ၊ ရင်ဘတ်ကလည်း နာလိုက်တာ။ မျက်လုံးကို ကြိုးစားဖွင့်ကြည့်မိသည်။ ဆေးရုံ၏ အမိုးမှ မြင်နေကျ မီးလုံးဝါလေးကို တွေ့ရသည်။ ပြီးတော့ သံချောင်းခုတင်၏ ခြေရင်းပိုင်းကို မြင်ရပြန်သည်။ အို . . . ကြည့်စမ်း၊ သည်ခုတင်ပေါ်မှာ ကျုပ် အိပ်နေပါလား။ အို . . . အိပ်တာ မဟုတ်ပါဘူးလေ၊ ကျုပ်ဆေးရုံတက်နေရတာပါ။

ရင်ဘတ်က နာနေသည်တို့ပင် ပျောက်သွားခဲ့ပြီ။ ကျုပ်သိပ်ပျော်လာသည်။ ကျုပ် ဆေးရုံးမှာ နေခဲ့ရတော့မည်။ နေရမည်မှ ဆေးရုံလူနာအဖြစ်ကို နေရမည်။ ဘယ်လောက် ဝမ်းသာဖို့ကောင်းလိုက်ပါသလဲ။ အမေကတော့ ဝမ်းသာမည်မဟုတ်ပါ။ ကိုမြမောင်ကြီးကော ဘယ်မှာလဲ၊ ကျုပ်

mgyoe.com

mgyoe.com
ဆေးရုံတက်ရပြီဆိုတဲ့အကြောင်း ကြွားပစ်လိုက်ချင်သည်။ နောက်ပြီး နောက်နေ့မနက်တွေကျ ဆန်ပြုတ်လိုက်ဝေရင် ကျုပ်ကို နည်းနည်းပိုထည့်ပေးဖို့ ပြောချင်သေးသည်။ ခေါင်းကို ဘေးသို့စောင်းအကြည့်လိုက် ရင်ဘတ်ထဲက စစ်ခနဲ နာပြန်သည်။ ကိုမြမောင်ကို မတွေ့။ ခုတင်နားတွင် အမေနှင့် ဆရာမဝဝကြီး ထင်ပါရဲ့ မှုန်ဝါးဝါးမြင်ရသည်။ မီးရောင်ကလည်း မှိန်လိုက်တာ။ ဆရာမကြီးကို စကားပြောရင် ရင်ဘတ်က နာဦးမလား မသိ။ မျက်လုံးတွေကို အသာပဲ မှိတ်ထားလိုက်သည်။

'ဖတ်တင်ရေ . . . လူလေး ကံဆိုးလှချည်လားဟဲ့၊ အမယ်လေး အရပ်ကတို့ရေ . . . ဆေးရုံတက်တဲ့လူက တစ်ယောက်၊ သေရမယ့်သူက တစ်ယောက်ပါလား တော်ရဲ့'

အမေ့အော်သံက နားထဲမှာ စူးရှသွားသည်။ ဩော် . . . တော်တော်လည်း ခက်တဲ့အမေပဲ။ ဘာတွေ လျှောက်အော်နေတာလဲ၊ ဘာဖြစ်လို့ ကျုပ်က သေရမှာလဲ၊ အမေ မမှတ်မိဘူးလား၊ ရွာမှာတုန်းက ဦးကြီးမောက်နွားချီထောင်ကြီး ကျုပ်ကို ကန်ပစ်လိုက်တာလေ၊ ဘယ်မှာသေလို့တုံး။ အဲဒီလိုပဲ ခဏလေးနေရင် ပျောက်သွားမှာပါ။ ရင်ဘတ်ကတော့ နည်းနည်းနာတာပေါ့။ ဒါပေမဲ့ အမေ မနက်ဖြန်ဆိုရင် ကျုပ်သိပ်ကြိုက်တဲ့ ကိတ်မုန့်တွေ၊ ချိုချဉ်တွေစားရတော့မှာ။ ကျုပ်က လူနာဆိုတော့ ကျုပ်ကို ခိုင်းခိုင်းနေတဲ့ တခြားခန်းကလူတွေက မုန့်တွေ၊ ချိုချဉ်တွေ လာပေးကြမှာပေါ့။ ဆရာမကြီးကဆိုရင်တော့ အထုပ်လိုက်ကြီးတွေတောင် ပေးမယ်ထင်တယ်နော်။ ဟင် . . . ဆရာမကြီးက ကျုပ်ကို ခေါ်နေသလား။ အသံကလည်း တိုးလိုက်တာ။

'မရပါဘူး မရ၊ တစ်ခါတုန်းက ဒီလိုကလေးတစ်ယောက် ဓာတ်မှန်သွားရိုက်၊ နံရိုးတွေကျိုး၊ အသည်းကိုဖောက်၊ ဆရာဝန်ကြီးက ခွင့်၊ ကလေးရယ်'

ဆရာမကြီးက ဘာတွေပြောနေတာလဲ၊ ကျုပ်နားထဲမှာ နီးသွားလိုက်ဝေးသွားလိုက်နဲ့။ ဆရာမကြီးက ကျုပ်ကို သနားလို့ ငိုနေတာပေါ့နော်။ ကျုပ် သိပ်ပျော်သွားမိသည်။ ဒီလိုသာဆိုရင်တော့ မနက်ဖြန်တွင် ကျုပ်အတွက် ချိုချဉ်နှင့်မုန့်တွေကို အထုပ်လိုက်ကြီးတွေယူလာမှာ သေချာ
mgyoe.com